ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုပွားများခြင်းက**
**နှစ်တန်သောဘဝ ချမ်းသာစေတတ်**

ကောင်းမှုကိုအကယ်၍ တစ်ကြိမ်တစ်ခါ ပြုမိလျှင် ထိုကောင်းမှုကို ထပ်ကာထပ်ကာ ပြုရာ၏၊ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏၊ (အကြောင်းမူကား) ကောင်းမှုပွားများခြင်းသည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေတတ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ စနေနေ့။ Saturday, 10 February 2024 ၁၁၃၆၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ယနေ့ ဖတ်စရာ

**အိန္ဒိယ-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် စတင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပ**
စာမျက်နှာ » ၃

**"တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပြည်သူ့ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု" စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ**
စာမျက်နှာ » ၇

**လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ**
စာမျက်နှာ » ၁၂

**မြန်မာစံချိန်စံညွှန်းများ သတ်မှတ်ခြင်း**
စာမျက်နှာ » ၁၄

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဖေဖော်ဝါရီ ၉

| | | |
|---|---|---|
| ဟားခါး | သုည | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၄ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၅ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ | ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၆ | ဒီဂရီစင်တီဂရိတ် |

## အကြိမ် (၂၀) မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများဖြင့် စည်ကား

မန္တလေး ဖေဖော်ဝါရီ ၉

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျင်းပသည့် အကြိမ် (၂၀) မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ ရတနာပုံဥယျာဉ်အတွင်း စတင်ကျင်းပရာ လာရောက်လေ့လာကြည့်ရှုကြသည့် အများပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



မြန်မာ့နိုင်ငံရေးသမိုင်းမှာ စံပြနိုင်ငံရေးသမား ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့တဲ့ "အများအားဖြင့် စင်မြင့်ပေါ်တက် အသံကျယ်ကျယ်အော်၊ ဟိုဆဲ သည်ဆဲဆိုလျှင် နိုင်ငံရေးဟုထင်၏။ ဤအရာမျိုးက နိုင်ငံရေးမဟုတ်။ မင်မ်ဂေါ်ဂီ ခေါ် လူပြိန်းကြိုက် လူပေါ်စားအလုပ်မျိုးဖြစ်၏။ မိမိကိုယ်ကို နာမည်ကြီးအောင် ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင်လုပ်တတ်မှ နိုင်ငံရေးဖြစ်၏" လို့ဆို

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်နေချိန်တွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအကျိုးစီးပွားကို အလေးထား၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးရည်မှန်းချက်(၂)ရပ်၊ အမျိုးသားရေးရည်မှန်းချက်(၂) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

အဆိုပါရည်မှန်းချက်တာဝန်များသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး အကျိုးစီးပွားအတွက် ရေးရှုအလေးထားဆောင်ရွက်နေခြင်းဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ၏ လိုလားချက်၊ မျှော်လင့်ချက်၊ ဆန္ဒများမှာလည်း နိုင်ငံတော်က ချမှတ်ထားသည့် ရည်မှန်းချက်တာဝန်များနှင့်တစ်ထပ်တည်းဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံးတို့သည် အချင်းချင်းစိတ်ဝမ်းမကွဲပြားကြဘဲ တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်မှု၊ ရိုင်းပင်းကူညီမှုတို့ဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့်နိုင်ငံဖြစ်သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ကြရန်နှင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက် အရေးအကြီးဆုံးလိုအပ်ချက်မှာ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်နေရေးဖြစ်သည်။ မြန်မာနိုင်ငံအတွင်း စုစည်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအားလုံး၏ ဆန္ဒအမှန်မှာ တိုင်းပြည်အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးတို့ပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးဟူသည့် အမျိုးသားရေးရည်မှန်းချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူအားလုံး အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးတို့ကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်လျက်ရှိသည်။ အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမိုအားကောင်းလာစေရန် အလေးထားဆောင်ရွက်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လူငယ်များပါဝင်သည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အသိပညာ၊ အတတ်ပညာနှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းများ ပြည့်စုံနေရန်လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကို အကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေးနှင့် အနည်းဆုံးအခြေခံပညာအလယ်တန်းအဆင့်ပြီးမြောက်နိုင်အောင် သင်ကြားခွင့်များဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်လူရွယ်များ အသိပညာ၊ အတတ်ပညာများ တတ်မြောက်ရေးနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထွန်းကားလာရန် အရေးကြီးသည်။ အလျင်အမြန် တိုးတက်ပြောင်းလဲနေသော ခေတ်ကာလ၌ လူငယ်လူရွယ်များ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးတို့ကို ခွဲခြားသိမြင်နိုင်စွမ်းရှိသည့် စွမ်းဆောင်ရည်မြင့်မားသော အနာဂတ်သားကောင်းရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးရေးမှာ ပို၍အရေးကြီးသောအချက်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်လူရွယ်များအား အသိပညာဗဟုသုတမြင့်မားပြီး အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသော မျိုးဆက်သစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်လိုအပ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားရေး၊ ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးရေးအတွက် အဖျက်သမားများက အမျိုးမျိုးအဖုံဖုံ တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်နေကြသည်။ လူငယ်လူရွယ်များကို လမ်းမှားသို့ရောက်အောင် ပို့ဆောင်ပေးပြီး တိုင်းပြည်အဖျက်အန္တရာယ် ကြီးမားလာအောင် လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်စေနိုင်သည့်လုပ်ရပ်များကိုလည်း လုပ်ဆောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အလေးထားပြီး အနာဂတ်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ကို ရှင်သန်ထွန်းကားအောင် ပြုလုပ်ကြပြီး ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၂ -၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၃၅ | ၁,၁၆၇,၉၀၀ |
| MTSH | ၂,၉၅၀ | ၂,၈၅၀ | ၁,၄၉၆ | ၄,၂၆၅,၁၅၀ |
| MCB | ၈,၀၀၀ | ၇,၉၀၀ | ၁၄ | ၁၁၁,၅၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁,၀၉၈ | ၁,၆၅၂,၂၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁ | ၂,၅၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၄၁၀ | ၇၅၉,၀၀၀ |
| AMATA | ၄,၇၀၀ | ၄,၈၀၀ | ၂၁ | ၁၀၀,၇၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၃,၃၇၉ | ၅,၈၂၂,၆၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုအစပြုနေသည့် ပြည်နယ်တစ်ခုဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်လို

**စစ်တွေ ဖေဖော်ဝါရီ ၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ သည် ယနေ့မွန်းလွဲပိုင်းတွင် ရခိုင် ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ပြည်နယ်အစိုးရအဖွဲ့ ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ သည်။





**တက်ရောက်**

တွေ့ဆုံပွဲသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ ဖြစ်သည့် ဦးဇော်အေးမောင်နှင့် ဒေါ်နုမြ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ များ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် က AA လက်နက်ကိုင်အဖွဲ့၏ နှောင့်ယှက် တိုက်ခိုက်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ် အေးချမ်းမှု ပျက်ပြားခဲ့မှု၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့ ပြည်သူများအား ဖမ်းဆီးခေါ်ဆောင် သွားမှု၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သော မြို့နယ်နှင့် မြို့များမှ ယာယီတိမ်းရှောင်ခိုလှုံမှု၊ AA လက်နက်ကိုင်အဖွဲ့မှ နိုင်ငံပိုင် ယာဉ်၊ ယန္တရားများ၊ ဌာနဆိုင်ရာ ရုံးသုံးပစ္စည်းများနှင့် ပရိဘောဂ များအား အဓမ္မယူဆောင်မှု၊ စက်သုံးဆီနှင့် စားရေရိက္ခာများကို ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပို့ဆောင်ပေးလျက်ရှိမှု၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade – 5၊ Grade – 9၊ Grade – 12 နှင့် တက္ကသိုလ်ဝင် စာမေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဒေသခံတောင်သူများ မိုးစပါး အချိန်မီ ရိတ်သိမ်းနိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နေမှု အခြေ အနေများကို ရှင်းလင်းတင်ပြ သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်နယ်အစိုးရ အဖွဲ့ဝင်များက ဒေသခံပြည်သူ များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ အခြေအနေ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ၏ အခြေအနေနှင့် လမ်းပန်း ဆက်သွယ်ရေး အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဒုတိယ ဝန်ကြီး ဦးဇော်အေးမောင်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ က ဌာနအလိုက် လုပ်ငန်း ဆောင်ရွက်နေမှုနှင့် လိုအပ်ချက် များကို တင်ပြကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် က ရခိုင်ပြည်နယ်သည် မိုခါ ဆိုင်ကလုန်း မုန်တိုင်းဒဏ်သင့်ခဲ့ သော်လည်း ပြန်လည်ထူထောင် ရေးလုပ်ငန်းများကို မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ရာတွင်လည်း မိုးစပါး နှင့် အခြားသီးနှံများ စိုက်ပျိုး အောင်မြင်နေမှုကိုတွေ့ရှိရကြောင်း၊ ထိုသို့ ဖြစ်ထွန်းအောင်မြင်နေမှု များသည် သက်ဆိုင်ရာတာဝန်ရှိသူ များနှင့် ပြည်သူများ၏ ပူးပေါင်း ပါဝင် ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ရခိုင်ပြည်နယ်၏ အခြေအနေ သည် ယခင် အခြေအနေများနှင့် မတူ ပြောင်းလဲလျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ဒေသဖွံ့ဖြိုး တိုးတက်ရန်အတွက် တည်ငြိမ် အေးချမ်းရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်း များကို ဆောင်ရွက်နိုင်ရန် အမြဲတံခါးဖွင့်ထားပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ အနေဖြင့် လည်း ရခိုင်ပြည်နယ်ကို များစွာ အလေးထားပါကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန် ပညာရေးဖွံ့ဖြိုးမှု ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ အလားတူ ကျန်းမာရေးလည်း ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ဆေးဝါးများကို သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများ သို့ အမြန်ဆုံးရောက်ရှိအောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုအစပြုနေသည့် ပြည်နယ် တစ်ခုဖြစ်သည့်အတွက် တည်ငြိမ် အေးချမ်းရေးကို ဝိုင်းဝန်း ဆောင်ရွက်ကြရန် လိုပါကြောင်း၊ အားလုံးဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြမည် ဆိုပါက ကောင်းမွန်သော အဖြေတစ်ခုကို ရရှိကာ ဖြေရှင်းဆောင်ရွက်နိုင် မည်ဖြစ်ပါကြောင်း၊ တက်ရောက် လာကြသူများအနေဖြင့် ရခိုင် ပြည်နယ် တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များ ပေးကြစေ လိုပါကြောင်း၊ မိမိတို့ တာဝန် ထမ်းဆောင်စဉ် ကာလတွင် ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ပြည်နယ်အကျိုး၊ ပြည်ထောင်စု အကျိုးကို ရှေးရှု၍ အစွမ်းကုန် ကြိုးစား ဆောင်ရွက်ကြစေလိုပါ ကြောင်း မှာကြားခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ငွေပေးချေမှုစနစ် စတင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုတွင် ရူပီး၊ ကျပ် တိုက်ရိုက်ငွေပေးချေမှုလုပ်ငန်း စတင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း ၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်း အနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေဘုံသာလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ အိန္ဒိယ စင်တာ၌ ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်း ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ နိုင်ငံ သံအမတ်ကြီး H.E. Shri Vinay Kumar၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် အတွင်း ရေးမှူး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် များ၊ အိန္ဒိယ-မြန်မာ ကုန်သည်များ အသင်း ဒုတိယဥက္ကဋ္ဌ Mr. Rajeev Rawal နှင့် အသင်းဝင်များ၊ ရန်ကုန် တိုင်းဒေသကြီး ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန် မြန်ဆန်စေရေး လုပ်ငန်း ကော်မတီ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာနနှင့် မြန်မာ့စီးပွားရေး ဘဏ်တို့မှ အဆင့်မြင့်အရာရှိကြီး များ၊ ပြည်ပသို့စိုက်ပျိုးရေးထုတ်ကုန် များတင်ပို့ရေး ကုန်သည်များ အသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပဲ၊ ပြောင်းနှင့် နှမ်းကုန်သည်များ အသင်း၊ မြန်မာနိုင်ငံ ဆေးနှင့် ဆေး ပစ္စည်းလုပ်ငန်းရှင်များ အသင်း၊ ဆောင်ရွက်ခွင့် ပြုထားသည့် ဘဏ်များဖြစ်သည့် ပန်ဂျပ်နေရှင် နယ်လ်ဘဏ်၊ စီဘီဘဏ်နှင့် ယူအေဘီဘဏ်တို့မှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ဆီမီး ထွန်းညှိ၍ဖွင့်လှစ်ပြီး မြန်မာနိုင်ငံ ဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Shri Vinay Kumar က နှုတ်ခွန်းဆက်စကား ပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ကုန်သွယ်မှုတွင် ရူပီး/ကျပ် တိုက်ရိုက်ပေးချေမှုကို အကောင် အထည်ဖော် ဆောင်ရွက်ရာ၌ နှစ်နိုင်ငံအကြား သံတမန် လမ်းကြောင်းမှတစ်ဆင့် အိန္ဒိယ နိုင်ငံသံရုံးနှင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံဗဟိုဘဏ် (RBI) နှင့် လည်းကောင်း ဆွေးနွေးညှိနှိုင်းမှု များပြုလုပ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ သည် မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများတွင် ပါဝင် ပြီး မြန်မာနိုင်ငံမှ စတုတ္ထမြောက် ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ နှင့် ဆဋ္ဌမမြောက် သွင်းကုန်အများ ဆုံးတင်ပို့သည့် နိုင်ငံဖြစ်ကြောင်း၊ အာရှဗဟိုဘဏ်များ စာရင်း ရှင်းလင်းရေးအဖွဲ့ (အေစီယူ) အဖွဲ့ဝင်နိုင်ငံများအနက် မြန်မာ နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှု အများဆုံးပြုလုပ် ကြောင်း၊ "အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA) ကို အသုံးပြု၍ ငွေပေးချေမှုလုပ်ငန်း စဉ်များဆိုင်ရာ လမ်းညွှန်ချက် (Guideline)"အား ထုတ်ပြန်ပြီး ဖြစ်သည့်အတွက် ပေးချေမှုများ စတင်နိုင်ပြီဖြစ်ကြောင်း၊ အကျိုး ကျေးဇူးအနေဖြင့် ငွေပေးချေမှုများ အားကောင်းလာပြီး တိုင်းပြည် စီးပွားရေးကို အထောက်အကူပြု စေနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုကောင်းမွန်လာ စေခြင်း အကျိုးကျေးဇူးများရရှိစေ မည်ဖြစ်ကြောင်း၊ ကုန်သည်ကြီး များအနေဖြင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုအတွက် ရူပီး ဖြင့် လိုင်စင်လျှောက်ထားပြီး ဘဏ်လမ်းကြောင်းမှ တစ်ဆင့် တရားဝင် အသုံးပြုနိုင်မည်ဖြစ် ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေး ဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး နှင့် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံ ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ဥက္ကဋ္ဌတို့က အမှတ်တရ ဂုဏ်ပြုစကား ပြောကြားကြပြီး ရူပီး/ကျပ် ပေးချေမှုအတွက် ဆောင်ရွက်ခွင့် ပြုထားသည့် ဘဏ်များဖြစ်သည့် ပန်ဂျပ်နေရှင် နယ်လ်ဘဏ်၊ စီဘီဘဏ်နှင့် ယူအေဘီဘဏ်တို့က Rupee/Kyat Trade Settlement Mechanism ကို ရှင်းလင်းတင်ပြကြသည်။

**မေးမြန်းဆွေးနွေး**

ယင်းနောက် တက်ရောက်လာ သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန် ရှိသူများက သက်ဆိုင်ရာကဏ္ဍ အလိုက် ရှင်းလင်းဖြေကြားကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌထံ အမှတ်တရ ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ အိန္ဒိယ-မြန်မာ ကုန်သည်များ အသင်း၏ ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက် ကြောင်း သိရသည်။ **သတင်းစဉ်**

**ဘင်္ဂလား ပင်လယ်အော် အခြေအနေ**

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ မိုး/ဇလ

**မြန်မာ့ ပင်လယ်ပြင် အခြေအနေ**

**နေပြည်တော် ဖေဖော်ဝါရီ ၉**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

# သတင်းအဆိပ်သင့်မှုအန္တရာယ်သည် မိမိတို့၏ နေ့စဉ်လူမှုစီးပွားဘဝကို များစွာသက်ရောက်နေ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် သတင်းအမှားများကို ဆင်ခြင်သိ၊ တွေးတောသိဖြင့် ကြိုတင်တားဆီးကာကွယ်

**မန္တလေး ဖေဖော်ဝါရီ ၉**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အကြိမ်(၂၀) မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရတနာပုံဥယျာဉ်အတွင်း(၁၂-၈၀) လမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ မန္တလေး တပ်နယ်မှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chen၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြပွဲ၊ ပြိုင်ပွဲတွင် ပါဝင်ကြသူများ၊ ပျိုးဥယျာဉ်လုပ်ငန်းရှင်များ၊ ပန်းပညာရှင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်၊ မန္တလေးတပ်နယ်မှူး၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဌာနဆိုင်ရာပြခန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) ပြခန်းများ၊ ပျိုးပင်အရောင်းဆိုင်ခန်းများ၊ ပြိုင်ပွဲဝင်ဆုရ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြခန်းများကို လိုက်လံကြည့်ရှု အားပေးပြီး တက်ရောက်လာသူများအား ပျိုးပင်များ အခမဲ့ဝေငှပေးသည်။

အဆိုပါပြပွဲ၊ ပြိုင်ပွဲတွင် ဌာနဆိုင်ရာပြခန်း ၁၃ ခန်း၊ MSME ပြခန်း ခြောက်ခန်း၊ ပျိုးပင်ပန်းပင်အရောင်းဆိုင် ၁၁ ဆိုင်နှင့် အခြားဈေးဆိုင်ခန်းများ ပါဝင်ပြသကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် မိတ္ထီလာမြို့ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများအား "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်" နှင့် " နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ" ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ မိတ္ထီလာရှိ တက္ကသိုလ် ကောလိပ်များမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မိတ္ထီလာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက "လှမ်းလာခဲ့ပါ ထီလာမြေ" သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး "တားဆီးကာကွယ် မီဒီယာအဆိပ်သင့် အန္တရာယ်" နှင့် "နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ" မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

**မူဝါဒသုံးရပ်ဖြင့် ဆောင်ရွက်နေ**

ထို့နောက်ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်တည်ဆောက်ရေးတွင် မီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူလူထုအား ပြန်ကြားပေးရန်၊ အသိပညာပေးရန်၊ ဖျော်ဖြေပေးရန် ဟူသည့် မူဝါဒသုံးရပ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ ယခုကဲ့သို့လာရောက်ဆွေးနွေးပြောကြားခြင်းမှာ အသိပညာပေးရန်ဟူသည့် ဝန်ကြီးဌာန၏ တာဝန်တစ်ရပ်တွင် ပါဝင်ပါကြောင်း။

နိုင်ငံတော် တည်ဆောက်ရေးအတွက် မီဒီယာနည်းလမ်း၊ ပြည်သူ့ဆက်ဆံရေး နည်းလမ်းကောင်းများဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ဆောင်ရွက်ရမည်မှာ မိမိတို့ဝန်ကြီးဌာန၏ တာဝန်ပင်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်သည် နည်းပညာပြောင်းလဲတိုးတက်လာသည့်ခေတ်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် သမားရိုးကျမီဒီယာများ (Traditional Media) များအပြင် New Media များဖြင့်ပါ မိမိတို့ဝန်ကြီးဌာန၏ သတင်းမှန်များကို ပိုမိုထိရောက် ပျံ့နှံ့ကျယ်ပြန့်အောင်ထုတ်လွှင့်လျက် ရှိပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်မီတိုးတက်လာသည့် နည်းပညာများကို မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း။

**ကောင်းမွန်သော အသိတရားများ မွေးမြူ**

လူငယ်များအနေဖြင့် နောင်တွင် ပညာပြည့်ဝသော လူရည်ချွန်၊ လူရည်မွန်များ ဖြစ်ပေါ်လာစေရေးအတွက် ယခုအချိန်ကပင် ကောင်းမွန်သော အသိတရားများ မွေးမြူကြရန် လိုအပ်ပါကြောင်း၊ ဤသို့ ဖြစ်ရန်အတွက် သတင်းအချက်အလက်အမှန်များ သိရှိရန် လိုအပ်ပါကြောင်း၊ သတင်းအဆိပ်သင့်မှု အန္တရာယ်သည် မိမိတို့၏ နေ့စဉ် လူမှုစီးပွားဘဝကို များစွာသက်ရောက်နေပါကြောင်း၊ သတင်းအမှားများကို နားယောင်ပြီး ဆုံးဖြတ်ချက်အမှား၊ ရည်ရွယ်ချက်အမှား၊ စေတနာအမှား စသည့် အမှားများစွာ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသား ကျောင်းသူ၊ လူငယ် လူရွယ်များအနေဖြင့် သတင်းအမှားများကို ဆင်ခြင်သိ၊ တွေးတောသိဖြင့်ကြိုတင်တားဆီးကာကွယ်ရမည်ဖြစ်ပါကြောင်း။

ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အကြမ်းဖက်မှုများသည် ဆင်ခြင်တုံတရား ကင်းမဲ့၍ ဖြစ်ပေါ်လာခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းတွင်သာမက ပြည်ပနိုင်ငံများသို့ပါ နိုင်ငံ၏ ပကတိအခြေအနေများ၊ နိုင်ငံအတွင်း ဖြစ်ပေါ်တိုးတက်ဖြစ်ထွန်း ပြောင်းလဲမှုများကို ပြည်တွင်း/ ပြည်ပမီဒီယာများနှင့် ချိတ်ဆက်ပြီး မီဒီယာနည်းလမ်းပေါင်းစုံဖြင့် ထိရောက်ပျံ့နှံ့အောင် လုပ်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နုပျိုသစ်လွင်၍ ခေတ်မီသော မူဝါဒဖြင့် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍနှင့် လူငယ်အခန်းကဏ္ဍတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆရာ ဆရာမများသည်လည်း နိုင်ငံတော်၏ အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးသည်ဖြစ်၍ တန်ဖိုးထားပါကြောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတာဝန် ထမ်းဆောင်နေကြသူများ ဖြစ်သည့်အတွက် မီဒီယာ၏တန်ဖိုးကို သိရှိနားလည်ပြီး ကောင်းစွာ အသုံးချရန်လိုအပ်ပါကြောင်း။

လာမည့်အနာဂတ်နိုင်ငံတော်ကို ပခုံးလွှဲပြောင်းတာဝန် ထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ ရတနာများ ဖြစ်သည့်အတွက် သတင်းမီဒီယာ၏တန်ဖိုးကို သိရှိနားလည်ပြီး နေ့စဉ်လူမှုဘဝ အကျိုးရှိအောင် အသုံးချဆောင်ရွက်နိုင်ကြပါစေကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် မိတ္ထီလာပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများက "ပြည်ထောင်စုသွေး" တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများအား MRTV DTH စလောင်း ငါးစုံနှင့် DVB T2 Set Top Box အလုံး ၁၀၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းဆွေးနွေးပွဲသို့ မိတ္ထီလာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ်၊ လေကြောင်းနှင့် အာကာသတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း တက္ကသိုလ် / ဒီဂရီကောလိပ်ကျောင်း ရှစ်ခုတို့မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၁၀ နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူလူထုများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့ အကြိမ်(၂၀)မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ ဓာတ်ပုံ-မြင့်မော်ထွန်း(ပြန်/ဆက်)



မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မိတ္ထီလာမြို့ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများအား "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်" နှင့် " နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ" ဆွေးနွေးပွဲ ကျင်းပစဉ်။

❖ ရွှေဖုံးမှ

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ မြို့တော်စိမ်းလန်းစိုပြည်သာယာလှပရေး လုပ်ငန်းများအတွက် ပြည်သူလူထုစိတ်ပါဝင်စားလာစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်၊ အိမ်တိုင်းအိမ်တိုင်းစိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခြင်းဖြင့် မန္တလေးမြို့တော်အား ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်ထိန်းသိမ်းရာ၌ အထောက်အကူဖြစ်လာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် အဆင့်မြင့်စိုက်ပျိုးနည်းပညာများဖလှယ်နိုင်စေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားလာစေရန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်မျိုးကောင်းများကို အိမ်တိုင်းအိမ်တိုင်း တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းမှသည် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရန် စသည့်ရည်ရွယ်ချက်များဖြင့်လည်းကောင်း နှစ်စဉ်နှစ်တိုင်း ကျင်းပခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ပြောသည်။

**ပါဝင်ယှဉ်ပြိုင်သူများလာ**

"ဒီပွဲမှာ ပါဝင်ကြဖို့ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးကို ဖိတ်ကြားခဲ့ပါတယ်။ ဒီနှစ်က ယခင်နှစ်ထက် ပါဝင်ယှဉ်ပြိုင်သူတွေများလာတာကို တွေ့ရပါတယ်။ လာရောက် လေ့လာကြသူတွေလည်း များပြားပါတယ်" ဟု ၎င်းကပြောသည်။

ယခုနှစ်ပြပွဲကို ယခင်နှစ်များနှင့်မတူ ထူးထူးခြားခြားအစီအစဉ်များဖြင့် စီစဉ်ဆောင်ရွက်ထားသည့်အတွက် ကျောင်းသား၊ လူငယ်များ အထူးစိတ်ဝင်စားစွာဖြင့် လာရောက်လေ့လာကြပြီး ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာကြသူများအား အရိပ်ရအပင် အမျိုးအစား ငါးမျိုးမှ အပင်ပေါင်း ၁၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ပြပွဲတွင် သစ်သီးဝလံနှင့် ပန်းမန်အမျိုးအစားပေါင်း ၂၃ မျိုး ပါဝင်ပြသထားပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှ စိတ်ပါဝင်စားသူများ လာရောက်ပါဝင်ယှဉ်ပြိုင်ကြကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့်ကစားကွင်းများ ဌာနမှူး ဦးစိုးလင်းက ပြောသည်။

"ဒီနှစ်မှာတော့ သစ်သီးဝလံပန်းမန်အမျိုးအစားစုံစုံလင်လင်နဲ့ ပြသယှဉ်ပြိုင်နိုင်တာကို တွေ့ရပါတယ်။ အမျိုးအစားတစ်ခုချင်းအလိုက်လည်း အသေးစိတ်ရွေးချယ်ပြီး ဆုချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အနယ်နယ်အရပ်ရပ်က စိတ်ပါဝင်စားသူတွေ အနေနဲ့ ဒီပြပွဲကြီးကို လာရောက်လေ့လာကြည့်ရှုနိုင်ပြီး ဝယ်ယူလို့လည်းရပါတယ်။ စိုက်ပျိုးရေးနည်းစနစ်တွေ၊ မျိုးစိတ်တွေကိုလည်း လာရောက်ယူဆောင်လို့ရပါတယ်။ အားလုံးလာရောက်ကြဖို့ ဖိတ်ခေါ်လိုပါတယ်"ဟု ၎င်းကပြောသည်။

အလားတူ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြိုင်ပွဲတွင်လည်း ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများကိုလည်း ထိုက်ထိုက်တန်တန် ဆုများချီးမြှင့်သည့်အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဝင်များလည်း များပြားခဲ့သည်။

အဆိုပါပြပွဲသို့ပြင်ဦးလွင်မြို့မှ လာရောက်လေ့လာယှဉ်ပြိုင်သူတစ်ဦးကလည်း "ဒီပြပွဲ၊ ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ လွန်ခဲ့တဲ့နှစ်လကတည်းက ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် အခုဆုလည်း ရရှိခဲ့ပါတယ်။ ကျွန်မအနေနဲ့ ဒီလိုဝင်ရောက်ယှဉ်ပြိုင်တာ သုံးနှစ်ရှိပါပြီ။ ကျွန်မကတော့ သစ်ပင်တွေကို ချစ်ပြီး သူတို့ကိုမြင်ရရင် စိတ်ချမ်းသာတယ်။ ဒါကြောင့် အမြဲစိုက်ပျိုးနေပါတယ်။ ဒီလိုပြိုင်ပွဲ ကျင်းပပေးခြင်းဖြင့်လည်း ကျွန်မတို့လို စိုက်ပျိုးရေး ဝါသနာပါသူတွေ အတွက် အကျိုးရှိစေပါတယ်" ဟု ပြောသည်။

အဆိုပါ ပြပွဲ၊ ပြိုင်ပွဲများအား မည်သူမဆို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်အထိ လွတ်လပ်စွာ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**



အကြိမ် (၂၀) မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာကြည့်ရှုကြစဉ်။





အကြိမ် (၂၀) မြောက် မြို့တော်ဝန်ဖလား ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်ပြပွဲ၊ ပြိုင်ပွဲသို့ လာရောက်လေ့လာကြည့်ရှုကြစဉ်။

# Naypyitaw State Academy (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၉

Naypyitaw State Academy (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအစားအစာ ဈေးရောင်းပွဲတော်နှင့် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ပင်မဆောင်အောက်၌ ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာ နုနုလွင်နှင့် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာ စိုးစိုးအောင်၊ အရာထမ်း၊ အမှုထမ်းများ၊ ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Naypyitaw State Academy ၏ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများကို ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာနုနုလွင်နှင့် ဒုတိယပါမောက္ခချုပ် (သင်တန်း) ဒေါက်တာစိုးစိုးအောင်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် Naypyitaw State Academy ၏ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာဈေးရောင်းပွဲတော်ရှိ ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံရေးအတွေးအမြင် ဗဟုသုတရှိပါမှ . . . . .

ခင်သန်းမြင့်

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတဲ့နိုင်ငံမှန်သရွေ့ ရွေးကောက်ပွဲလမ်းကြောင်းကို မလွဲမသွေဖြတ်သန်းကြရမှာ ဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့် ပြည်သူတွေက ရွေးကောက်ခံအစိုးရနဲ့ ပြည်သူ့ကိုယ်စားလှယ်တွေကို ရွေးချယ်တင်မြှောက်ကြရတာဖြစ်ပါတယ်။ ဒီမိုကရေစီ ရင့်ကျက်တဲ့နိုင်ငံကြီးတွေက ပြည်သူအများစုကတော့ နိုင်ငံရေးရေချိန်မြင့်မားလေ့ ရှိကြပါတယ်။ မြန်မာနိုင်ငံဟာလည်း ပါတီစုံဒီမိုကရေစီစနစ်ကို လက်ရှိကာလတိုင် ကျင့်သုံးနေဆဲဖြစ်တဲ့အတွက် သာမန်ပြည်သူတွေအနေနဲ့ နိုင်ငံရေးအသိအမြင်ဗဟုသုတတွေရှိဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးဆိုတာ ဘာလဲ၊ နိုင်ငံရေးသမားတို့ရဲ့ ရုပ်ပုံလွှာက ဘယ်လိုလဲဆိုတာကို အကြမ်းဖျင်းနားလည်သဘောပေါက်ထားဖို့တော့ လိုတာပေါ့။

ဒီဘက်ခေတ်တော့ မပြောတတ်ဘူး။ ကျွန်မတို့ငယ်စဉ်ကာလမှာတော့ အဖေက သူသိမီခဲ့တဲ့ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလက တို့ဗမာအစည်းအရုံးဝင် သခင်နိုင်ငံရေးသမားကြီးတွေ၊ လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီခေတ်က နိုင်ငံရေးသမားတို့ရဲ့ ရုပ်ပုံလွှာတွေအကြောင်း တစေ့တစောင်းပြောပြလေ့ရှိပါတယ်။ ဒါကြောင့်မို့ထင်ပါရဲ့၊ ကျွန်မအရွယ်ရောက်လာတော့ လက်လှမ်းမီရာ မြန်မာ့နိုင်ငံရေးသမိုင်းနဲ့ ဆက်စပ်တဲ့ နိုင်ငံရေးစာပေတွေ၊ နိုင်ငံရေးအတ္ထုပ္ပတ္တိစာပေတွေကို ပိုပြီးဖေါင်းပေးဖတ်ရှုဖြစ်တယ်။ တစ်ခေတ်တစ်ခါက နိုင်ငံရေးသမားကြီးတွေရဲ့ရုပ်ပုံလွှာက ဘယ်လိုရှိမလဲ။ သူတို့ရဲ့ နိုင်ငံရေးခံယူချက်တွေက ဘာတွေလဲပေါ့။

## စံပြနမူနာလူသား

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သူ သခင်ဝတင်က အာဇာနည်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်တဲ့ သခင်မြနဲ့ပတ်သက်ပြီး **"သခင်မြသည် နာမည်ကြီးချင်တာကို အောင့်၍ထားနိုင်သည်။ ပိုက်ဆံချမ်းသာချင်တာကိုအောင့်၍ထားနိုင်သည်။ ဝင့်ဝင့်ဝါဝါမရှိ။ ဖြစ်သလိုနေနိုင်၊ ဝတ်နိုင်၊ အိပ်နိုင်သည်။ လိုချင်တာကို အောင့်၍ထားနိုင်သည်။ ဘယ်နေရာတွင်မှ မာနမရှိ။ စိတ်ဆိုးစရာကို အောင့်နိုင်သည်။ တစ်စုံတစ်ရာတွင် ပြဿနာနှင့်တွေ့ကြုံက အမှန်ဆုံးဖြစ်အောင် စဉ်းစားချင့်ချိန်၍ ဆုံးဖြတ်နိုင်သည်။ ဆိုခဲ့စေ၊ မြဲစေဆိုသည့်အတိုင်း စကားကို အလွန်အကျွံဘယ်အခါမှ မပြော။ လူသားများထဲမှ အကောင်းဆုံးသော လူသားတစ်ဦးကို လက်ညှိုးထိုးပြစမ်းပါဟုဆိုလျှင် သခင်မြအား စံပြနမူနာလူသားအဖြစ် ပြနိုင်ပါသည်"**လို့ ရေးသားခဲ့ပါတယ်။

ထို့အတူပဲ သခင်ဝတင်နဲ့ပတ်သက်ပြီး ဆရာမောင်ဝံသက **"သခင်ဝတင်ဟာ ဗိုလ်ချုပ်အောင်ဆန်း အသက်ထင်ရှားရှိချိန်မှာ ဖဆပလ ဗဟိုအလုပ်အမှုဆောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ဗမာပြည်ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူး စတဲ့တာဝန်တွေကို ထမ်းဆောင်ခဲ့သူဖြစ်တယ်။ သို့ပေမယ့် သူ့သက်တမ်းမှာ တစ်ခါမှ ဝန်ကြီးရာထူး မယူခဲ့ဘူး။ ပါတီစည်းရုံးရေးကိုပဲ ဇောက်ချလုပ်ခဲ့တယ်ဗျာ။**

**သခင်ဝတင်ဟာ အစိုးရရာထူးမယူတဲ့ နိုင်ငံရေးသမားဖြစ်တဲ့အတွက် သူ့ရဲ့သီလသမာဓိကို လုပ်ဖော်ကိုင်ဖက်အတော်များများက အသိအမှတ်ပြုတယ်။ လေးစားကြတယ်။ သူဟာ ကိုယ်ကျင့်သီလ လုံခြုံတဲ့နေရာမှာလည်း စံပြုအပ်သူဖြစ်တယ်လို့ ထင်ရှားတယ်။ ငွေကြေး၊ မိန်းမ၊ အရက်သေစာ၊ လောင်းကစား ဘာတစ်ခုမှအငြိအစွန်းမရှိဘူး။ ဒါတင်မကသေးဘူး။ နိုင်ငံရေးမှာ အရေးကြီးဆုံးဖြစ်တဲ့ နိုင်ငံရေးခံယူချက်အပိုင်းမှာလည်း မည်သည့်အခါမှ ဖောက်လွဲဖောက်ပြန်မရှိခဲ့ဘူးဗျ"**လို့ **"ရှားမှရှားတဲ့ နိုင်ငံရေးသမား"**ဆိုပြီး ရေးသားခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ သခင်ဝတင်ဟာ လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်ဘွဲ့ရခဲ့လို့ ထိုခေတ် ၁၉၈၅-၈၆ က လက်လွှဲပြန်ရောင်းရုံနဲ့ ငွေ တစ်သိန်း အသားတင်ရမယ့် ဘီ ၆၀၀ မာဇဒါကားဝယ်ခွင့်လျှောက်ဖို့ သက်ဆိုင်ရာက လျှောက်လွှာပုံစံပါ ဖြည့်လာခဲ့ပေမယ့် သခင်ဝတင်ဟာ လုံးဝလက်မှတ်မထိုးခဲ့ဘူးလို့ ဆိုပါတယ်။

ထို့အတူပဲ ထိုခေတ်က ပဒုမ္မာဆိုင်ကပစ္စည်းထုတ်ခွင့် ကုန်ဝယ်စာအုပ်ရပြန်တော့လည်း သခင်ဝတင်ဟာ ဘာတစ်ခုမှမထုတ်ခဲ့ဘဲ မိသားစုစားဖို့ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန် အားလုံးကို ရပ်ကွက်ပြည်သူ့ဆိုင်နဲ့ သမဝါယမဆိုင်ကပဲ ဝယ်စားတယ်လို့ ဆိုပါတယ်။

**"နိုင်ငံရေးသမားဆိုတာ ပြည်သူတွေနဲ့တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေသလို နေထိုင်ရမယ်။ တစ်လှေတည်းမှာပါလာတဲ့လူတွေ ငတ်ပြတ်နေချိန်မှာ ကိုယ်တစ်ယောက်တည်း ထမင်းထုပ်ဖြေစားနေတာမျိုးမလုပ်ရဘူးကွဲ့"** ဆိုတဲ့ သခင်ဝတင်ရဲ့ ဆိုဆုံးမမှုကလည်း မှတ်သားစရာအလွန်ကောင်းပါတယ်။

ထို့အတူပဲ **"မောင်ဝံသ ဘာကြောင့် နိုင်ငံရေးထဲဝင်သလဲ၊ တိုင်းပြည်နဲ့ လူမျိုးအတွက် လုပ်ချင်လို့ပါလို့ ဖြေမှာပဲ မဟုတ်လား။ တိုင်းပြည်နဲ့ လူမျိုးအတွက် ရာခိုင်နှုန်းဘယ်လောက်၊ ကိုယ့်အကျိုးအတွက် ရာခိုင်နှုန်းဘယ်လောက် ချိန်ဆကြည့်၊ ကိုယ့်ဘာသာ အဖြေထုတ်၊ ကိုယ့်ဘာသာ အမှတ်ပေး၊ နိုင်ငံရေးသမားကောင်းဖြစ်ချင်ရင် အောင့်နိုင်ရမယ်။ စောင့်နိုင်ရမယ်ကွဲ့"**ဆိုတဲ့ အကြံပြုလမ်းညွှန်ချက်များကလည်း တန်ဖိုးရှိလှပါပေတယ်။

## နိုင်ငံရေးသမားဆိုတာ

တစ်ချိန်က ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူး ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေကတော့ **"နိုင်ငံရေးသမားဆိုတာ မီးရထားစက်ခေါင်းနဲ့တူရသည်။ ပြည်သူဖြစ်သော တွဲပေါင်းများစွာကို လိုရာခေါ်ဆောင်သွားသောအခါ မိမိနှင့်တစ်ပါတည်း အတူတကွ ခေါ်ဆောင်သွားသကဲ့သို့"**ဆိုပြီး ဆိုရှယ်လစ်လူငယ်များကို သွန်သင်ပို့ချခဲ့ပါတယ်။

ဆရာဒဂုန်တာရာကတော့ **"နိုင်ငံရေးသမားဆိုသည်မှာ တိုင်းပြည်အတွက် ကိုယ်ကျိုးမဖက်ဆောင်ရွက်သော ဝန်ထမ်းတစ်ဦးဆိုရမည်လား"**လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ တစ်ဆက်တည်းမှာ ဆရာက **"နိုင်ငံရေးသမားများတွင် စာပေနှင့်မကင်းကွာဖို့ လိုပေသည်။ လီနင်ဆိုလျှင် စာပေသဘောတရားများ ရေးနိုင်ခဲ့၏။ ဂေါ်ကီ၏ဝတ္ထုကိုကောင်းကောင်း ဖတ်ကာ ဝေဖန်ခဲ့၏။ ပလက်ကင်နော့မှာ အနုပညာသဘောများရေးခဲ့၏။ မော်စီတုံးမှာ ခက်ခဲသောကာရန်ဖြင့် ကဗျာများပင်စီကုံးခဲ့သည်။ သခင်နု၊ သခင်သန်းထွန်းတို့သည်လည်း စာရေးကောင်းသူများပင်ဖြစ်ကြသည်။ သခင်အောင်ဆန်းသည် စာရေးကောင်းသူတစ်ဦးဖြစ်သည်"**လို့ ရေးသားခဲ့ပြီး ဦးကျော်ငြိမ်းကိုတော့ **"ဆိုရှယ်လစ်ပါတီခေါင်းဆောင်များထဲတွင် သူသည်စာဖတ်သည်ဟု ကျွန်တော် သိနေသည်။ ဂျပန်ခေတ်က သူနှင့်အတူ စမ်းချောင်းရှိ သူ့စာအုပ်များထားရာ အိမ်သို့ ရောက်သွားဖူးသည်။ အခန်းထဲတွင် စာအုပ်များပြည့်နှက်နေသည်"**လို့ မှတ်တမ်းတင်ရေးသားခဲ့ပါတယ်။

သခင်လွင်ကိုလည်း ဆရာက စာပေမွေ့သူတစ်ယောက်လို့ ဆိုပါတယ်။ ဒါ့အပြင် သခင်လွင်ဟာ နိုင်ငံရေးသမားတွေထဲမှာ ချစ်စရာကောင်းတဲ့ ဒီမိုကရေစီနိုင်ငံရေးသမားလို့လည်း ညွှန်းဆိုခဲ့ပါတယ်။ ငြိမ်းချမ်းရေးအဖွဲ့အစည်း အမှုဆောင်အစည်းအဝေးတွေမှာ သခင်လွင်နဲ့ ကွဲလွဲချက်တွေရှိလို့ ဆွေးနွေးငြင်းခုံမှုတွေရှိရင်လည်း ရန်မလုပ်ဘူး။ အခင်အမင် မပျက်ဘူးတဲ့။ အယူအဆတွင် ထပ်တူထပ်မျှ တူစရာမလို၊ သဘောထားကွဲလွဲလျှင်လည်း ညှိနိုင်သည်၊ ဆွေးနွေးနိုင်သည်။ ယင်းသို့သော သဘောထားမြင့်မြတ်သော နိုင်ငံရေးစိတ်ထားမျိုး သခင်လွင်မှာရှိတယ်လို့ ဆိုပါတယ်။

မီးတုတ်သခင်သိန်းမောင်ကြီးရဲ့ နိုင်ငံရေးရုပ်ပုံလွှာကိုတော့ ဆရာကြီးသိန်းဖေမြင့်က **"သခင်သိန်းမောင်ကြီးသည် မြန်မာပြည်သို့ ကမ္ဘာ့တိုးတက်သော အယူအဆများကို တင်သွင်းခဲ့သူများတွင် ရှေ့တန်းက ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည်"**လို့ ဆိုတယ်။

ဒါ့အပြင် သခင်သိန်းမောင်ကြီးဟာ တို့ဗမာအစည်းအရုံးကို တည်ထောင်သူတစ်ဦးလည်းဖြစ်တယ်။ လွတ်လပ်ရေးတိုက်ပွဲမှာ ရှေ့တန်းမှ ပါဝင်ရုံမက တိုးတက်သောနိုင်ငံရေးဝါဒများကို ဖြန့်ချိခဲ့တယ်။ တို့ဗမာအစည်းအရုံးမှာ သခင်ဗစိန်နဲ့ သခင်သိန်းမောင်ကြီးတို့ ကွဲတဲ့အခါ ပြန်လည်ရင်ကြားစေ့ဖို့အတွက် သခင်ကိုယ်တော်မှိုင်းကို နှစ်ဖက်စလုံးက လွှဲအပ်ခဲ့တယ်။ ပြန်စေ့မပေးနိုင်တဲ့အခါကျတော့ သခင်ဗစိန်က သူ့ဂိုဏ်းကိုခေါင်းဆောင်မှုပြန်ယူပြီး သခင်ကိုယ်တော်မှိုင်းနဲ့ တစ်ဖက်သောသခင်ဂိုဏ်းကို တိုက်ခိုက်လေတယ်။ သခင်ဗစိန်က သေသည်အထိ နိုင်ငံရေးစင်မြင့်ပေါ်မှာ နေသွားပေမယ့် သခင်သိန်းမောင်ကြီးကတော့ သူ့ဂိုဏ်းကို ခေါင်းဆောင်မှု ပြန်မယူတော့ဘူး။ သခင်ကိုယ်တော်မှိုင်းက ဘေးဖယ်လိုက်တဲ့အတိုင်း ဘေးမှာပဲနေခဲ့တယ်လို့ဆိုတယ်။

သခင်နု၊ သခင်အောင်ဆန်း စတဲ့အင်အားသစ်များနဲ့ သူ့ဂိုဏ်းဝင်များပူးပေါင်းပြီး သခင်ကိုယ်တော်မှိုင်းကို နာယကထားကာ လူများစုထောက်ခံသော တို့ဗမာအစည်းအရုံးကြီးအဖြစ် စည်းရုံးဆောင်ရွက်သွားကြတာကို ကျေနပ်စွာထောက်ခံခဲ့တယ်။ မင်းသားကြီး မလုပ်ရရင် ပတ်မထိုးဖောက်သောပုဂ္ဂိုလ်မျိုးမဟုတ်ကြောင်း ပြသသွားခဲ့တယ်။ ထိုအချိန်မှစပြီး သူဟာနိုင်ငံရေးစင်မြင့်ပေါ်က ဆင်းသွားခဲ့တယ်လို့ ဆရာကြီးသိန်းဖေမြင့်က "သခင်သိန်းမောင်ကြီး(သို့မဟုတ်) အရှင်သောမ" ခေါင်းစဉ်နဲ့ ၁၄၊ ဇူလိုင်၊ ၁၉၇၀ ထုတ် ဗိုလ်တထောင်သတင်းစာမှာ ပုံဖော်ရေးသားခဲ့ပါတယ်။

သခင်ဗစိန်ကတော့ မြင်းခြံမြို့မှာကျင်းပတဲ့ ဒုတိယညီလာခံမှ အစပြုပြီး သူ့လက်ဝဲ လွန်ကျွံမှုများနဲ့ ဂိုဏ်းဂဏအုပ်စုခွဲ လက်တွေ့လုပ်ငန်းများကြောင့် တို့ဗမာအစည်းအရုံးမှာ ခေါင်းဆောင်မှုကျဆုံးလာခဲ့တယ်လို့ဆိုပါတယ်။

## တောခိုစေသော အကြောင်းတစ်ကြောင်း

သခင်သန်းထွန်းနဲ့ သခင်စိုးတို့ကတော့ မြန်မာနိုင်ငံရေးသမိုင်းမှာ သင်ခန်းစာယူစရာ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။ ၂၉၊ စက်တင်ဘာ၊ ၁၉၆၈ နဲ့ ၂၊ အောက်တိုဘာ၊ ၁၉၆၈ ထုတ် ဗိုလ်တထောင်သတင်းစာရဲ့ ပွင့်ပွင့်လင်းလင်း ပြောပါရစေကဏ္ဍမှာပါ ဆရာသိန်းဖေမြင့်ရဲ့ **"တောခိုစေသော အကြောင်းတစ်ကြောင်း"** ဆောင်းပါးမှာ သခင်သန်းထွန်းရဲ့ ရုပ်ပုံလွှာတစေ့တစောင်းကို မြင်တွေ့ရမှာဖြစ်ပါတယ်။

"ဗမာပြည်ကွန်မြူနစ်ပါတီ **တောခိုရခြင်းအကြောင်း အမျိုးမျိုးအနက် ခေါင်းဆောင်ဖြစ်သူ သခင်သန်းထွန်းရဲ့ စိတ်နေစိတ်ထား၊ ဉာဉ်၊ စရိုက်၊ သဘာဝ စတဲ့ပုဂ္ဂိုလ်ရေးရာအကြောင်းဟာတစ်ကြောင်းဖြစ်ကြောင်း ထင်ရှားတယ်**"လို့ ဆရာက သုံးသပ်ဝေဖန်ခဲ့ပါတယ်။

**"သခင်သန်းထွန်း တောခိုရန်ဆုံးဖြတ်ချက်ချစဉ်က သူဟာလေးနက်သော နိုင်ငံရေးအကြောင်းများကို ရှေ့တန်းထားမစဉ်းစား။ 'ခံဘက်ကမနေဘူး' ဟူသော သူ့ပုဂ္ဂိုလ်ရေး စိတ်နေသဘောထား၊ သူ့ဉာဉ်၊ သူ့စရိုက်သဘာဝတို့ကသာလျှင် ရှေ့တန်းရောက်နေတယ်။ သူ့အတွေးအခေါ်နဲ့ သူ့အမူအကျင့်များက လွှမ်းမိုးနေတယ်။ သခင်သန်းထွန်းတို့ လူစုဟာ အဆုံးအဖြတ်ခန်းမှပါဝင်ရမည့် အကြောင်းများကို ပြည့်ပြည့်စုံစုံ ပယ်ပယ်နယ်နယ် မဆင်ခြင်မသုံးသပ်ရသေး။ ဗဟိုကော်မတီဆုံးဖြတ်ချက်ပင် မချရသေးဘဲ ဗမာပြည်ကွန်မြူနစ်ပါတီဝင်အများစုနှင့် ပြည်သူလူထုရဲ့အတော်ကြီးသော အစိတ်အပိုင်းကို တောခိုသွားစေနိုင်ခဲ့ပြီး နှစ် ၂၀ ကျော်ကြာ ခံနိုင်ရည်ရှိစေခြင်းဟာ အထက်ဖော်ပြပါအတိုင်း ပုဂ္ဂိုလ်ရေးဆိုင်ရာအမြင်များ၊ စိတ်နေစိတ်ထားများ၊ ဉာဉ်များ၊ စရိုက်သဘာဝများ လွှမ်းမိုးခြင်းခံရသော အစိတ်အပိုင်းက နိုင်ငံရေးလောကမှာ အတော်အားကောင်းနေခဲ့ခြင်းကြောင့် ဖြစ်ကြောင်းပါဗျာ"**လို့ ဆိုပါတယ်။

စာမျက်နှာ ၇ သို့ ❍

❖ **"နိုင်ငံရေးသမားဆိုတာ ပြည်သူတွေနဲ့တစ်လှေတည်းစီး တစ်ခရီးတည်း သွားနေသလို နေထိုင်ရမယ်။ တစ်လှေတည်းမှာပါလာတဲ့လူတွေ ငတ်ပြတ်နေချိန်မှာ ကိုယ်တစ်ယောက်တည်း ထမင်းထုပ်ဖြေစားနေတာမျိုးမလုပ်ရဘူးကွဲ့" ဆိုတဲ့ သခင်ဝတင်ရဲ့ ဆိုဆုံးမမှုကလည်း မှတ်သားစရာအလွန်ကောင်း**

❖ **မြန်မာ့နိုင်ငံရေးသမိုင်းမှာ စံပြနိုင်ငံရေးသမား ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့တဲ့ "အများအားဖြင့် စင်မြင့်ပေါ်တက် အသံကျယ်ကျယ်အော်၊ ဟိုဆဲ သည်ဆဲဆိုလျှင် နိုင်ငံရေးဟုထင်၏။ ဤအရာမျိုးက နိုင်ငံရေးမဟုတ်။ မင်းမ်ဂေါ်ရီ ခေါ် လူပြိန်းကြိုက် လူပေါစားအလုပ်မျိုးဖြစ်၏။ မိမိကိုယ်ကို နာမည်ကြီးအောင် ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏" လို့ဆို**

# “တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သောရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပြည်သူ့ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှု” စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ အကြိမ်(၃၀)မြောက် စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်း တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူ များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ မွေးမြူရေးပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဆွေးနွေးပွဲတွင် သက်ဆိုင်ရာ နယ်ပယ်အလိုက် လုပ်ငန်းအတွေ့ အကြုံရှိကြသူ ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေး ချက်၊ အကြံပြုချက်များအပေါ် အခြေခံ၍ ပြည်သူ့ကျန်းမာရေး အတွက် အသိအမြင်များ တိုးပွား လာပြီး ရှေ့ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းများအတွက် ပိုမို ကောင်းမွန်သည့် အချက်အလက် များ ဖော်ထုတ်ရေး၊ တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ရောဂါ များနှင့်စပ်လျဉ်း၍ ကြိုတင် ကာကွယ်နိုင်ရေးအတွက် ပြင်ဆင် ခြင်း၊ ကာကွယ်တားဆီးခြင်း၊ စူးစမ်းရှာဖွေဖော်ထုတ်ခြင်း၊ တုံ့ပြန် ခြင်းနှင့် ပြန်လည်ထူထောင် ခြင်းများအတွက် အသိပညာ၊ နည်းပညာ၊ သတင်းအချက်အလက် နှင့် အလေ့အကျင့်ကောင်းများ မျှဝေဖလှယ်ခြင်းဖြင့် သက်ဆိုင် သည့် အဖွဲ့အစည်းများအားလုံး ပိုမို ပူးပေါင်းဆောင်ရွက်လာနိုင် မည့်နည်းလမ်းများ ရှာဖွေနိုင်ရေး အတွက် ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြား သည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် “တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပြည်သူ့ ကျန်းမာရေးအပေါ် အကျိုး သက်ရောက်မှု”ခေါင်းစဉ်ဖြင့် စကား ဝိုင်းဆွေးနွေးပွဲ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ မွေးမြူရေးသုတေသန ဦးစီးဌာန တို့မှ ပညာရှင်များက တိရစ္ဆာန်မှ လူသို့ ကူးစက်တတ်သော ရောဂါ များနှင့် ပြည်သူ့ကျန်းမာရေး သက်ရောက်မှု အခြေအနေ၊ တိရစ္ဆာန်မှလူသို့ ကူးစက်တတ် သော ရောဂါများ (Zoonoses)နှင့် ပတ်သက်၍ New Emerging Disease များကို ကြိုတင်သိရှိနိုင် ရန် သုတေသနပြု ဆောင်ရွက်ချက် များ၊ ဆောင်ရွက်သင့်သည့်အချက် များနှင့် အကြံပြု သုံးသပ်ချက်များ၊ ခတ်ခွဲခန်းများ၏ အခန်းကဏ္ဍ၊ တစ်ခုတည်းသော ကျန်းမာရေး အမြင်ဖြင့် တိရစ္ဆာန်မှလူသို့ ကူးစက် တတ်သောရောဂါများ ကြိုတင် ကာကွယ်ရေးအတွက် သုံးသပ် အကြံပြုချက်များကို ဆွေးနွေး တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဆွေးနွေးပွဲ တက်ရောက်လာကြ သူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲကျင်းပ

**တနင်္သာရီ ဖေဖော်ဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်တက္ကသိုလ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ဟောပြောပွဲ၊ စကားဝိုင်းဆွေးနွေးပွဲနှင့် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ တွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**စကားဝိုင်းဆွေးနွေး**

အဆိုပါအခမ်းအနားတွင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ဝင်းဝင်းသန်းက အဖွင့်အမှာစကားနှင့် “ပြည်ထောင်စုကြီးကိုတည်ဆောက် ကာကွယ်ရေး” ခေါင်းစဉ်ဖြင့် ပြောကြားကာ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်က “မတူကွဲပြားခြင်းသည် အလှတရားပြည်ထောင်စု တိုင်းရင်းသား” ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက “တောင်ပေါ်မြေပြန့်မခွဲခြား ပြည်ထောင်စုရဲ့သွေးချင်းများ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးသည်။



ထို့နောက် တက္ကသိုလ်၌ ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပခဲ့သည့် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီ၊ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများမှ ဆုရရှိခဲ့ကြသည့် ဘာသာရပ်အသီးသီးမှ ကျောင်းသား ကျောင်းသူ များအား တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ဆုရရှိသည့် စာစီစာကုံး၊ ဆောင်းပါး၊ ပန်းချီတို့ကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**

## ငမိုးရိပ်တံတား(သုဝဏ္ဏ)ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ယာဉ်ကြောတစ်လမ်းပိတ်၍ ဆောင်ရွက်သွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်မြို့ သာကေတမြို့နယ်နှင့် သင်္ဃန်းကျွန်းမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ငမိုးရိပ်တံတား (သုဝဏ္ဏ) ကြံ့ခိုင်ရေးလုပ်ငန်း ဖြစ်သည့် Expansion Joint နှစ်ခု ပြုပြင်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၆ နာရီတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ ယာဉ်ကြောကျပ်တည်းမှုမဖြစ်ပေါ်စေရေးနှင့် ခရီးသွားအများပြည်သူ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်စေရန် ဒေါပုံမြို့နယ်မှ သင်္ဃန်းကျွန်းမြို့နယ်သို့အထွက် ယာဉ်လမ်းကြောတစ်လမ်းအား လမ်းပိတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မေတ္တာရပ်ခံကြေညာ အပ်ပါသည်။

**အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**

## မြဝတီမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဖျော်ဖြေပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပ



**မြဝတီ ဖေဖော်ဝါရီ ၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် NBLC Private School တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အကြို ဖျော်ဖြေပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် ညနေ ၄ နာရီတွင် ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ CEO ဦးမင်းမွန်ကိုက ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကောင်းစံလင်း၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်၊ အဖွဲ့ ဝင်(၂)ဦးအောင်မင်းစိုး၊ NBLC CEO ဦးမင်းမွန်ကိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်များတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ခရိုင်/ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**ထွန်းထွန်းဦး(မြဝတီ)**

○ စာမျက်နှာ ၆ မှ

ဒါ့အပြင် ဆရာက “နိုင်ငံရေးလုပ်ကြရာမှာ လူပေါင်းများစွာဟာ ယထာဘူတကျတဲ့ နိုင်ငံရေးအမြင်ထက် ပုဂ္ဂိုလ်ရေးအမြင်က၊ လူတန်းစားရပ်တည်မှုထက် ပုဂ္ဂိုလ်ရေးဥဉ်က၊ ခေါင်းအေးတည်ငြိမ် သော နိုင်ငံရေးအလေ့အကျင့်စရိုက်သဘာဝထက် ခေါင်းပူသွေးကြွ သော ပုဂ္ဂိုလ်ရေးအလေ့အကျင့်စရိုက်သဘာဝက လွှမ်းမိုးခြင်းခံရ တယ်”လို့ သုံးသပ်ဖော်ပြခဲ့ပါတယ်။

### ဂိုဏ်းဂဏစွဲဝါဒကြီးသူတို့အတွက် နိုင်ငံရေးသင်ခန်းစာတစ်ရပ်

“ကျုပ်ကို ကြည့်လိုက်ကြဗျ။ ကျုပ်ဟာ ယနေ့ မြန်မာ့နိုင်ငံရေး အကွဲအပြဲတွေရဲ့ ရေသောက်မြစ်ဖြစ်တယ်။ ပြည်သူတွေသေကျေ ပျက်စီး၊ ပြည်သူ့အိုးအိမ်စည်းစိမ်တွေ မီးလောင်ဆုံးရှုံးစေတဲ့ ပြည်တွင်း စစ်ရဲ့တရားခံဟာ ကျုပ်ဖြစ်ပါတယ်”ဆိုပြီး ၁၉၅၂ ခုနှစ် တစ်ဝိုက်က ရောက်လေရာအရပ်မှာ ရင်ဘတ်စည်တီးပြောကြားခဲ့တဲ့ အလံနီ သခင်စိုးရဲ့ ရုပ်ပုံလွှာကလည်း ဂိုဏ်းဂဏစွဲဝါဒကြီးသူတို့အတွက် နိုင်ငံရေးသင်ခန်းစာတစ်ရပ်ပါပဲ။

သခင်အောင်ဖေကတော့ “နိုင်ငံရေးသမားများသည် နိုင်ငံရေး အဆစ်အချိုးအကွေ့အကောက်များနှင့် တွေ့ကြုံခဲ့သော် မိမိ၏ရည်မှန်း ချက်၊ ယုံကြည်ချက်များကို မသွေမဖည် တည့်တည့်မတ်မတ် ဏ္ဍန္ဒြေ ရရ၊ သိက္ခာရှိရှိ၊ တည်တည်ကြည်ကြည်၊ ဖြောင့်ဖြောင့်မှန်မှန် သွားနိုင်သူ အတော်ရှားသည်။

နိုင်ငံရေးသမားဆိုသူများတွင် သူ့ခေတ်နှင့်သူ ငို့ဘသမားများ၊ ရေသာခို ရေလိုက်ငါးလိုက်သမားများ၊ အချောင်သမားများ၊ သူများ တကာ နို့သက်ခံစို့သူများ၊ ဟေးလားဝါးလားသမားများ၊ ဟုတ်ပဲ့ မှန်ပဲ့သမားများလည်းရှိတတ်ကြရာ ကံမကောင်း အကြောင်းမလှ ဖြစ်၍ ခေါင်းဆောင်ကောင်းနှင့်မတွေ့ဘဲ နိုင်ငံရေးလုပ်စားသူများနှင့် တွေ့၍ ၎င်းတို့ နယ်ထဲရောက်သွားခဲ့သည်ရှိသော် အကျိုးနည်း ရပေတော့မည်”လို့ဆိုပါတယ်။

အထက်ဖော်ပြပါ အကြောင်းအရာတွေကတော့ ကျွန်မစိတ်ဝင် တစားရှိလို့ လက်လှမ်းမီရာ လေ့လာဖတ်ရှုခဲ့တဲ့ တစ်ခေတ်တစ်ခါ က နိုင်ငံရေးသမားကြီးတို့ရဲ့ ရုပ်ပုံလွှာ တစေ့တစောင်းပဲဖြစ်ပါ တယ်။

ဆရာဒဂုန်တာရာက “ယနေ့ခေတ်ကြီးပြင်းလာကြသော လူငယ် လေးများ နိုင်ငံရေးသမား၏ရုပ်ပုံကားချပ်ကို မည်ကဲ့သို့ပုံဖမ်းမည် မသိ။ နိုင်ငံရေးသမား၏ရုပ်ပုံကို သိမှသိပါလေစ”လို့ ဆိုခဲ့တဲ့အတွက် နိုင်ငံရေးကိုစိတ်ဝင်စားတဲ့ မျိုးဆက်သစ်လူငယ်များအတွက် တတ်အား သရွေ့ ကောက်နုတ်ဖော်ပြလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

ကျွန်မကတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ စံပြနိုင်ငံရေးသမား ဗိုလ်ချုပ်အောင်ဆန်း ရေးသားခဲ့တဲ့ “အများအားဖြင့် စင်မြင့်ပေါ်တက် အသံကျယ်ကျယ်အော်၊ ဟိုဆဲ သည်ဆဲဆိုလျှင် နိုင်ငံရေးဟုထင်၏။ ဤအရာမျိုးက နိုင်ငံရေးမဟုတ်။ မင်မ်ဂေါ်ဂီ ခေါ် လူပြိန်းကြိုက် လူပေါ စားအလုပ်မျိုးဖြစ်၏။ မိမိကိုယ်ကို နာမည်ကြီးအောင် ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏” လို့ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အနှစ်သက်ဆုံးပါ။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီး MSME ဖိနပ်လုပ်ငန်းရှင်များမျိုးတူစုအဖွဲ့ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရန်ကုန်တိုင်းဒေသကြီး MSME ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ဥက္ကဋ္ဌ ဦးကံညွန့်နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀)ရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် MSME ဖိနပ်လုပ်ငန်းရှင်များ မျိုးတူစုအဖွဲ့ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များက MSME ဖိနပ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတစ်ဝန်းရှိ ဖိနပ်လုပ်ငန်းရှင်များကို ထိရောက်စွာ ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ဖိနပ်လုပ်ငန်းရှင်များ အသင်းချုပ်အဖြစ် ဖွဲ့စည်းတည်ထောင်နိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ကြီးကြပ်မှုအောက်ရှိ မြောက်ဒဂုံစက်မှုဇုန်တွင် ဖိနပ်လုပ်ငန်းရှင် ၃၂ ဦးအတွက် မြေဧရိယာခွင့်ပြု သတ်မှတ်ပေးနိုင်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး MSME Agencyနှင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး MSME ဖိနပ်လုပ်ငန်းရှင်များမျိုးတူစုအဖွဲ့၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် လည်းကောင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၉**

နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်) အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်နှင့် တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ အရာထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများ စွမ်းဆောင်ရည်မြင့်မားပြီး အတွေးအမြင်များ ရှင်သန်ထက်မြက်စေရန်၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးသိသင့်သိထိုက်သည့် သက်ဆိုင်ရာပညာရပ်များကို နားလည်သဘောပေါက်ပြီး စည်းကမ်းနှင့်ကိုယ်ကျင့်သိက္ခာမြင့်မားသော ဝန်ထမ်းကောင်းများဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ မူဝါဒများနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ဆောင်ရွက်နေရသူများဖြစ်၍ စီမံခန့်ခွဲမှုစွမ်းရည်ထက်မြက်နေစေရေး ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုကာ ပြည်သူလူထုအကျိုးအတွက် စေတနာကို အခြေခံသော၊ ပြည်သူယုံကြည်အားကိုးထိုက်သော ဝန်ထမ်းကောင်းများ ဖြစ်စေရေး ဝန်ဆောင်မှုစွမ်းအားကို မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

သင်တန်းသို့ သင်တန်းသား ၁၂၃ ဦး၊ သင်တန်းသူ ၁၁၉ ဦး စုစုပေါင်း ၂၄၂ ဦး တက်ရောက်ကြပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်အထိ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ် ကွမ်ရိုက် အထက(ခွဲ)၌ လူငယ်စကားဝိုင်း ကျင်းပ

**ချောင်းဆုံ ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲပိုင်းက ကွမ်ရိုက် အထက(ခွဲ) ပတ္တမြားခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြတင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာကကျောင်းသားလူငယ်များ ဘက်စုံထူးချွန်၍ လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်နှင့် အစုအဖွဲ့ဖြင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် လူငယ်စကားဝိုင်း ကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဒေါ်သီသီအေးတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကာ ပညာရေး၊ အားကစား၊ ယဉ်ကျေးမှုတန်ဖိုး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြား ဆွေးနွေးပေးခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ရေဝတီတိုင်းဒေသကြီး ငပုတောမြို့၌ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၇ ရက်တွင် ကျောင်းသား ကျောင်းသူများအား ကိုယ်တိုင်မီးငြိမ်းသတ်နိုင်ရေးမီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြဖွတ်တိုက်လေ့ကျင့်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)





ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်သူဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့များက ဖေဖော်ဝါရီ ၇ ရက်တွင် ဘာသာရေးကျောင်းများ၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး သတိပြုလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို အသိပညာပေးပြောကြားကာ လိုက်လံစစ်ဆေးပေးစဉ်။

မြို့နယ်(ပြန်/ဆက်)




ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်အတွင်း မီးဘေးအန္တရာယ်များ မဖြစ်ပွားစေရန် ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းမြေ့ထွန်းနှင့် တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များအတွင်း စစ်ဆေးဆောင်ရွက်စဉ်။

ကျော်ကျော်(ပြန်/ဆက်)

**တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။**

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ နဝမတန်း(Grade 9)လူရည်ချွန်စာရင်း ထုတ်ပြန်ကြေညာ

(ယမန်နေ့မှ အဆက်)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၈ | မောင်ခန့်ဇင်ရှိန်း | အထက(၂)မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၉၉ | မရေဗက္ကာဇင်မာမြင့်ဌေး | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မင်္ဂလာဒုံ |
| ၁၀၀ | မယွန်းရွှေလွှာ | အထက(၂)၊ လှိုင်သာယာ(န) | လှိုင်သာယာ(န) | အင်းစိန် |
| ၁၀၁ | မောင်ညီညီရှင်းသန့် | အထက(၄)၊ တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၀၂ | မောင်နန္ဒဝေယံ | အထက(၅)၊အောင်ပန်း | ကလော | ကလော |
| ၁၀၃ | သံစဉ်ရှင်းသန့် | အထက(ဗထူး) | ရပ်စောက် | တောင်ကြီး |
| ၁၀၄ | စောယွန်းစန္ဒီ | အထက(၄)၊ တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၀၅ | မောင်စိုင်းကျော်ဇင်သော် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၀၆ | မမေဘုန်းမဉ္ဇူ | အထက(၁)၊လွိုင်လင် | လွိုင်လင် | လွိုင်လင် |
| ၁၀၇ | မသဇင်ဆွေ | အထက(ခွဲ)နောင်မိန်း | လဲချား | လွိုင်လင် |
| ၁၀၈ | မောင်ဆက်ပိုင်လင်း | အထက-နမ့်စန် | နမ့်စန် | နမ့်စန် |
| ၁၀၉ | မောင်ဖိုးချို | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၁၀ | မချိုရတနာမွန် | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၁၁ | မောင်ဟိန်းထက်အောင် | အထက(၈)၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၁၂ | မဆောင်းသဇင်ကျော် | အထက(၅)၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၁၃ | မောင်မာန်ဇခိုင် | အထက(၁)၊ တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၁၄ | မအိလှဲ့လှဲ့ကျော် | အလက-မိုင်းရယ် | မိုင်းရယ် | တန့်ယန်း |
| ၁၁၅ | မောင်လင်းမြတ်ရှင်း | အထက-၅၊ ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၆ | မယွန်းသီရိ | အထက-၅၊ ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၇ | မောင်စျုန်ထက်သီလ | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၁၈ | မအိမ့်နဒီကို | ရွှေမဟာ(ကပက) | တာချီလိတ် | တာချီလိတ် |
| ၁၁၉ | မောင်ရဲမာန်ထင် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ |
| ၁၂၀ | မခိုင်သဇင်ဖြူ | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၂၁ | မောင်သော်ကောင်းခန့် | အထက-(၆)၊ ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၂ | မောင်ဉာဏ်ဝင်း | အထက-ရေကြည် | ရေကြည် | ကျုံပျော် |
| ၁၂၃ | မသင်းသဇင်ထက် | အထက-(၆)၊ ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၄ | မငွေစင်ဝင့်ဝါ | အထက-ငပုတော | ငပုတော | ပုသိမ် |
| ၁၂၅ | မောင်ထွန်းပြည့်လျှံဝေ | အထက(၃)၊ ဟသ်ာတ | ဟသ်ာတ | ဟသ်ာတ |
| ၁၂၆ | မောင်လင်းမြတ်ဦး | အထက-ကနောင် | မြန်အောင် | မြန်အောင် |
| ၁၂၇ | မနှင်းနေခြည် | အထက-ချင်းမြောင် | ကြံခင်း | မြန်အောင် |
| ၁၂၈ | မသွန်းအိမ်စည် | ဂုဏ်ထူးပန်းခင်း(ကပက) | ဟသ်ာတ | ဟသ်ာတ |
| ၁၂၉ | မောင်သုတပိုင် | အထက(၂)၊ အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၀ | မမြယမင်းလွင် | အထက(၂)၊ အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၁ | မောင်ဝေယံကျော် | ပညာခေတ်(ကပက) | မအူပင် | မအူပင် |
| ၁၃၂ | မသော်တာစန်း | အထက(၁)၊ မအူပင် | မအူပင် | မအူပင် |
| ၁၃၃ | မောင်ထွဋ်ဖုန်းလျှံအောင် | အထက(၄)၊ ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၃၄ | မရှင်းထက်လွင် | အထက(၃)၊ ဒေးဒရဲ | ဒေးဒရဲ | ဖျာပုံ |
| ၁၃၅ | မောင်ထူးမြတ်အောင် | အထက-(၁)၊ မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၆ | မဆုစန္ဒီတိုး | အထက-(၁)၊ မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၇ | မောင်စွမ်းထက်နိုင် | အထက(၅)၊ ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၃၈ | မငြိမ်းသုခလင်း | အထက(၅)၊ ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၃၉ | မောင်စည်သူအောင် | အထက-ကျည်တောင်ကန် | ပုဗ္ဗသီရိ | ဇေယျာသီရိ |
| ၁၄၀ | မမျိုးသီရိမောင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရသီရိ |

## အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ ဒသမတန်း(Grade 10)လူရည်ချွန်စာရင်း ထုတ်ပြန်ကြေညာ

(ယမန်နေ့မှ အဆက်)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၁၀၂ | မောင်ဟိန်းထက်ကျော် | အထက-ပင်းတယ | ပင်းတယ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ |
| ၁၀၃ | မအိသင်ဇာကျော် | အထက-ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၀၄ | မအက်စတာမင်း | အထက(၄)၊ တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၀၅ | မောင်ထင်အောင်ဝင်း | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၀၆ | နန်းအိအိထွေး | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၀၇ | မောင်ပြည့်ဖြိုးအောင် | အ.ထ.က-ဝမ်ကန် | မိုင်းရှူး | မိုင်းရှူး |
| ၁၀၈ | မဖြူစင်ကြယ် | အထက-မြို့မ | နမ့်စန် | နမ့်စန် |
| ၁၀၉ | မောင်ဝေယံလင်း | အထက-မောက်မယ် | မောက်မယ် | လင်းခေး |
| ၁၁၀ | နန်းအွမ်ငင်းခေါင် | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၁၁ | မောင်သန့်ဇင်အောင် | အထက(၅)၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၁၂ | မအိသဥ္ဇာဝင်း | အထက(၅)၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၁၃ | မောင်ပြည့်စုံထွန်း | အကယ်ဒမီ(ကပက) | တန့်ယန်း | တန့်ယန်း |
| ၁၁၄ | မရွှေရတီချို | အထက-မိုင်းရယ် | မိုင်းရယ် | တန့်ယန်း |
| ၁၁၅ | မောင်သူရဉာဏ် | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၆ | မမေထက်ဝေ | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၇ | မောင်လင်းထက်အောင် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၁၈ | မဆွေဆွေသန့် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၁၉ | မောင်စိုင်းဉာဏ်လင်းထက် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၂၀ | မဆောင်းသဇင် | အထက-မိုင်းတုံ | မိုင်းတုံ | မိုင်းတုံ |
| ၁၂၁ | မောင်ရဲထွဋ်အောင် | အထက-(၆)၊ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၂ | မောင်မြင့်မြတ်အောင် | အထက-ရေကြည် | ရေကြည် | ကျုံပျော် |
| ၁၂၃ | မကောင်းဆုဟံသာ | အထက-(၂)၊ကျောင်းကုန်း | ကျောင်းကုန်း | ကျုံပျော် |
| ၁၂၄ | မမေစုခိုင် | စိန်ဂွန်း(ကပက) | ပုသိမ် | ပုသိမ် |
| ၁၂၅ | စကမ္ဘာပိုင်ဆိုင် | ဂုဏ်ထူးပန်းခင်း(ကပက) | ဟသ်ာတ | ဟသ်ာတ |
| ၁၂၆ | မောင်ဇေလှျမ်းထက် | အထက-မဲဇလီကုန်း | အင်္ဂပူ | မြန်အောင် |
| ၁၂၇ | မဖူးဟေသာဖြိုး | ကြယ်တံခွန်(ကပက) | ဟသ်ာတ | ဟသ်ာတ |
| ၁၂၈ | မအိမ့်ချစ်သဲ | အထက(၁)၊ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၂၉ | မောင်အောင်သူရ | အထက(၂)၊အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၃၀ | မဟန်နီလင်းသန့် | အထက(၁)၊ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၃၁ | စောမေဖိုး | ပညာခေတ်(ကပက) | မအူပင် | မအူပင် |
| ၁၃၂ | မယွန်းသီရိကျော် | အထက(ခွဲ)-လ(၁)၊မအူပင် | မအူပင် | မအူပင် |
| ၁၃၃ | မောင်ဖွဲ့ထက်စံ | အထက-(၁)၊ဒေးဒရဲ | ဒေးဒရဲ | ဖျာပုံ |
| ၁၃၄ | မသီရိဖြူစင် | အထက-(၁)၊ဒေးဒရဲ | ဒေးဒရဲ | ဖျာပုံ |
| ၁၃၅ | မောင်ရှိုင်းလင်းထက် | အထက-(၁)၊ မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၆ | မဂျူးမွန်လင်း | အထက-(၁)၊ မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၇ | မောင်စွမ်းသူအောင် | အထက(၅)၊ ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၃၈ | မချိုသံလွင်ကို | အထက(၅)၊ ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၃၉ | မောင်အောင်ကောင်းမြတ် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရသီရိ |
| ၁၄၀ | မသီရိရွှေစင် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရသီရိ |

## တက္ကသိုလ်သက်တမ်း သုံးနှစ်ကျော်ကာလအတွင်း ရန်ကုန်အရှေ့ဒဂုံ ... 



ရေနံချောင်း ဖေဖော်ဝါရီ ၉

အဆင့်မြင့်ပညာဦးစီးဌာန မကွေးတိုင်းဒေသကြီး ရေနံချောင်း တက္ကသိုလ်၌ ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်မှ ၈ ရက်အထိ အဆိုပါတက္ကသိုလ် ပတ္တမြားခန်းမတွင် နေ့အလိုက် အပိုင်းများခွဲ၍ ကျင်းပလျက်ရှိရာ ရေနံချောင်းတက္ကသိုလ်အနေဖြင့် တက္ကသိုလ်သက်တမ်း သုံးနှစ်ကျော်ကာလအတွင်း ဘွဲ့ရမောင်မယ် ၂၁၇၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း အဆိုပါတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်ထံမှ သိရသည်။

ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အောင်မြင်ခဲ့ကြသည့် နေ့သင်တန်းသား ၅၅၅ ဦးနှင့် အဝေးသင် သင်တန်းသား ၁၀၆၃ ဦး စုစုပေါင်းဘွဲ့ရမောင်မယ် ၁၆၁၈ ဦးကို ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်က ဘွဲ့လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါ ဘွဲ့နှင်းသဘင်သို့ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာချိုချိုမြင့်နှင့် ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ်သဟာယအဖွဲ့ဝင် ဆရာကြီး ဆရာမကြီးများ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ ဆယ်သမတန်း(Grade 11)လူရည်ချွန်စာရင်း ထုတ်ပြန်ကြေညာ

(ယမန်နေ့မှ အဆက်)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၅ | မောင်လင်းခန့်ယုရွှေ | အထက(၂)၊ မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၉၆ | မမေသူခိုင် | အထက(၂)၊ မင်္ဂလာဒုံ | မင်္ဂလာဒုံ | မင်္ဂလာဒုံ |
| ၉၇ | မသော်ခြူးခြူးစံ | အထက(၁)၊ မှော်ဘီ | မှော်ဘီ | မှော်ဘီ |
| ၉၈ | မောင်ညီရဲထူး | အထက(၅)၊အောင်ပန်း | ကလော | ကလော |
| ၉၉ | မောင်အောင်ဘုန်းခန့်ကျော် | အထက(ခွဲ)၊ ရင်းမှီး | ပင်လောင်း | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| ၁၀၀ | မလပြည့်အေး | အထက-ဗထူး | ရပ်စောက် | တောင်ကြီး |
| ၁၀၁ | နန်းချိုအိန္ဒြေဖူး | အထက(၄)၊ တောင်ကြီး | တောင်ကြီး | တောင်ကြီး |
| ၁၀၂ | စိုင်းဝုန်းလိန် | အထက(၁)၊ ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၀၃ | မောင်ဝေဖြိုးဇော် | အထက-နမ့်စန် | နမ့်စန် | နမ့်စန် |
| ၁၀၄ | မမေမီကျော် | အထက(ခွဲ)၅ ရပ်ကွက် | နမ့်စန် | နမ့်စန် |
| ၁၀၅ | မရွှေဇင်မင်း | အ.ထ.က-ဝမ်ကန် | မိုင်းရှူး | မိုင်းရှူး |
| ၁၀၆ | မောင်ဇော်ထက် | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၀၇ | မယမင်းအိန္ဒြေ | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၀၈ | မောင်အိုက်ကပ်စံ | အထက(၁)၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၉ | မဆုပြည့်ထက် | အထက(ခွဲ)လ(၈)၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၁၀ | မောင်အိုက်ကတ်ပလိတ် | အကယ်ဒမီ(ကပက) | တန့်ယန်း | တန့်ယန်း |
| ၁၁၁ | မဇင်လတ်နွယ် | အထက(၁)၊ တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၁၂ | မောင်လီဝိတ် | အထက-၃၊ ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၃ | မဆုမင်းမင်းထက် | အထက-၂၊ ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၄ | မောင်အောင်သီဟ | အထက-တာချီလိတ် | တာချီလိတ် | တာချီလိတ် |
| ၁၁၅ | မဇာနည်ကျော် | အထက(ခွဲ) ရန်အောင်မြေ | တာချီလိတ် | တာချီလိတ် |
| ၁၁၆ | မောင်ဝေယံဘုဏ်းပြည့်အောင် | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၁၇ | မနန်းလောင်ဝမ်းဆီ | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၁၈ | မောင်သက်ခိုင်ထွဋ် | အထက-(၆)၊ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၁၉ | မောင်အောင်ကောင်းခန့် | မြန်ပြည်သားကောင်း(ကပက) | ကျုံပျော် | ကျုံပျော် |
| ၁၂၀ | မအိအိတုံ | အထက-(၆)၊ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၁ | မကေခိုင်နှင်း | အထက-ရေကြည် | ရေကြည် | ကျုံပျော် |
| ၁၂၂ | မောင်စိုးသီဟသူ | အထက-မဲဇလီကုန်း | အင်္ဂပူ | မြန်အောင် |
| ၁၂၃ | မောင်စိုးခန့်ကျော် | အထက-ဒေါင့်ကြီး | ဇလွန် | ဟင်္သာတ |
| ၁၂၄ | မနန်းစံပယ်ဖြူ | အထက(၁)၊ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၂၅ | မဝင်းစုဟန် | အထက(၃)၊ဟင်္သာတ | ဟင်္သာတ | ဟင်္သာတ |
| ၁၂၆ | မောင်သန့်ထွဋ်ဝင်း | မဟာ(ကပက) | မြောင်းမြ | မြောင်းမြ |
| ၁၂၇ | မထက်အိန္ဒြာကျော် | အထက(၁)၊ဝါးခယ်မ | ဝါးခယ်မ | မြောင်းမြ |
| ၁၂၈ | မောင်ဉာဏ်မင်းထက် | ပညာခေတ်(ကပက) | မအူပင် | မအူပင် |
| ၁၂၉ | မနှင်းသန့်ရတီ | ပညာခေတ်(ကပက) | မအူပင် | မအူပင် |
| ၁၃၀ | မောင်စွမ်းထက် | အထက-(၁)၊ ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၃၁ | မနွေးနွေးလှိုင် | အထက-(၃)၊ ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၃၂ | မောင်အောင်ကောင်းပြည့် | အထက-(၁)၊ မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၃ | မနန္ဒာမိုးဦး | အထက-(၁)၊ မော်လမြိုင်ကျွန်း | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၄ | မောင်လင်းထက် | အထက(၁၁)၊ ဇမ္ဗူသီရိ | ဇမ္ဗူသီရိ | ပျဉ်းမနား |
| ၁၃၅ | မနှင်းနဒီစိုး | အထက(၂)၊ လယ်ဝေး | လယ်ဝေး | လယ်ဝေး |
| ၁၃၆ | မောင်လမင်းထွန်း | အထက(၁)၊ ဇေယျာသီရိ | ဇေယျာသီရိ | ဇေယျာသီရိ |
| ၁၃၇ | မခင်တင့်တယ်ထက် | CAE(ကပက) | ဥတ္တရသီရိ | ဥတ္တရသီရိ |

# အခြေခံပညာဦးစီးဌာန၊ ၂၀၂၄ ခုနှစ်၊ ဒွါဒသမတန်း(Grade 12)လူရည်ချွန်စာရင်း ထုတ်ပြန်ကြေညာ

(ယမန်နေ့မှ အဆက်)

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၉၆ | မစိုးလဲ့နွယ် | ကောင်းစုစံ(ကပက) | ရွှေပြည်သာ | မင်္ဂလာဒုံ |
| ၉၇ | မယုဝါလင်း | အထက(အင်းတိုင်) | လှည်းကူး | လှည်းကူး |
| ၉၈ | မောင်နေလင်းထွန်း | အထက-ကြေးစားကုန်း | ညောင်ရွှေ | ကလော |
| ၉၉ | စိုင်းလျှံထက်အောင် | အထက(၂)၊ ပင်လောင်း | ပင်လောင်း | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ |
| ၁၀၀ | မစန်းသော်တာခင် | အထက-အောင်သပြေ | တောင်ကြီး | တောင်ကြီး |
| ၁၀၁ | မမြတ်စုအေး | အထက-ကောင်းဘို | ရပ်စောက် | တောင်ကြီး |
| ၁၀၂ | မအိအိရွှန်းဝေ | အထက-နမ့်စန် | နမ့်စန် | နမ့်စန် |
| ၁၀၃ | မောင်ရန်နိုင် | အ.ထ.က -မိုင်းရှူး | မိုင်းရှူး | မိုင်းရှူး |
| ၁၀၄ | မောင်ပြည့်ဘုန်းအောင် | အထက-နမ့်စန် | နမ့်စန် | နမ့်စန် |
| ၁၀၅ | နန်းစံမွမ်းဆိုင် | အထက(၁)ပင်လုံ | လွိုင်လင် | လွိုင်လင် |
| ၁၀၆ | မောင်စည်သူဌေး | အထက-လင်းခေး | လင်းခေး | လင်းခေး |
| ၁၀၇ | မစိုးနန္ဒာလွင် | အထက-မိုင်းပန် | မိုင်းပန် | လင်းခေး |
| ၁၀၈ | မောင်ဇော်မျိုးဦး | အထက(၁)၊ လားရှိုး | လားရှိုး | လားရှိုး |
| ၁၀၉ | မနန်းနွေးသိမ့်နေခြည် | ဝင်းနိုင်အောင်မြေ (ကပက) | လားရှိုး | လားရှိုး |
| ၁၁၀ | မောင်သိန်းကျော်ထွေး | အထက(၁) တန့်ယန်း | တန့်ယန်း | တန့်ယန်း |
| ၁၁၁ | မနန်းလူ | အကယ်ဒမီ(ကပက) | တန့်ယန်း | တန့်ယန်း |
| ၁၁၂ | မောင်ဟံသာအောင်တင် | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၃ | မချောမြတ်နိုးခင် | ရတနာ(ကပက) | ကျိုင်းတုံ | ကျိုင်းတုံ |
| ၁၁၄ | မောင်နန္ဒအောင် | အထက-ဟိုနား | မိုင်းဖြတ် | တာချီလိတ် |
| ၁၁၅ | မတင်မေဇာဝင်း | အထက-မိုင်းဖြတ် | မိုင်းဖြတ် | တာချီလိတ် |
| ၁၁၆ | မောင်တေဇ | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၁၇ | မလဲ့လဲ့ဝင်း | အထက-မိုင်းဆတ် | မိုင်းဆတ် | မိုင်းဆတ် |
| ၁၁၈ | မောင်ထက်ပိုင်ဦး | အထက-ငါးသိုင်းချောင်း | ရေကြည် | ကျုံပျော် |
| ၁၁၉ | မောင်ထူးမြတ်နိုင် | အထက-(၂)၊ ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၀ | မပိုင်ဖြူဖြူကို | ယောနသံ(ကပက) | ကျုံပျော် | ကျုံပျော် |
| ၁၂၁ | မတုန္နီင်းဝေ | အထက-(၂)၊ ပုသိမ် | ပုသိမ် | ပုသိမ် |
| ၁၂၂ | မောင်ကောင်းခန့်ကျော် | အထက(၁)၊ ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၂၃ | မောင်သူရိန်နိုင် | အထက-ထူးကြီး | အင်္ဂပူ | မြန်အောင် |
| ၁၂၄ | မရွှေရည်ဝင့်ဝါ | ကြယ်တံခွန်(ကပက) | ဟင်္သာတ | ဟင်္သာတ |
| ၁၂၅ | မချစ်ခွန်းချို | အထက(၁)၊ ကြံခင်း | ကြံခင်း | မြန်အောင် |
| ၁၂၆ | မောင်ဉာဏ်မင်းထက် | အထက(၂)၊ အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၇ | မနှင်းပွင့်စံ | အထက(၂)၊ အိမ်မဲ | အိမ်မဲ | မြောင်းမြ |
| ၁၂၈ | မောင်ကောင်းထက်မင်း | ပညာခေတ်(ကပက) | မအူပင် | မအူပင် |
| ၁၂၉ | မထက်ထက်အောင် | ပညာခေတ်(ကပက) | မအူပင် | မအူပင် |
| ၁၃၀ | မောင်အောင်သူရထွဋ် | အထက-(၁)၊ ဖျာပုံ | ဖျာပုံ | ဖျာပုံ |
| ၁၃၁ | မမေသက်နိုင် | အထက-(၁)၊ ဘိုကလေး | ဘိုကလေး | ဖျာပုံ |
| ၁၃၂ | မောင်မင်းသက်ခိုင် | အထက-ကျော်ဖံ | မော်လမြိုင်ကျွန်း | လပွတ္တာ |
| ၁၃၃ | မရွှန်းလဲ့လဲ့ရည် | အထက-(၁)၊ လပွတ္တာ | လပွတ္တာ | လပွတ္တာ |
| ၁၃၄ | မောင်အောင်ရဲရင့်သူ | ပညာပန်းတိုင်(ကပက) | ပျဉ်းမနား | ပျဉ်းမနား |
| ၁၃၅ | မချိုမာခိုင် | အထက-အေလာ | လယ်ဝေး | လယ်ဝေး |
| ၁၃၆ | မောင်စိုးရဲထက် | အထက(၁)၊ ဇေယျာသီရိ | ဇေယျာသီရိ | ဇေယျာသီရိ |
| ၁၃၇ | မမေမြတ်သူ | အထက(၃)၊ ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | ဇေယျာသီရိ |

## (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းဖွင့်ပွဲ ပြုလုပ်

အုတ်ဖို ဖေဖော်ဝါရီ ၉

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့၌ မြို့မရပ်ကွက် ရဲစခန်းလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဖြိုးဝေအောင်က လမ်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားရာ လမ်းအရှည် ၇၁၂ ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မဖြင့် ခင်းထားခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်မျိုးလွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်ကိုတို့က လမ်းကိုဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က လမ်းအားလှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)



# တရားမဝင်ငွေလွှဲလုပ်ငန်းများ လျော့နည်းစေရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေးသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရေး သင်တန်းအမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်၊ အရာထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက တရားမဝင်ငွေလွှဲလုပ်ငန်းများ လျော့နည်းပပျောက်စေရန်နှင့် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို သိရှိနားလည်ပြီး ရှောင်ရှားမှုရှိနိုင်စေရန်၊ ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ငွေရေးကြေးရေးလွှဲပြောင်းပေးချေခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လိုင်စင်လျှောက်ထားရာတွင်လိုအပ်သည့် Procedure များသိရှိနားလည်စေရန်၊ ပြည်ပငွေလွှဲလုပ်ငန်း လုပ်ကိုင်ရာတွင် သိရှိရန်လိုအပ်သည့် ပြည်ပငွေလွှဲလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာစည်းမျဉ်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို သိရှိနားလည်စေရန်အတွက် ယခုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြစ်၍ သင်တန်းတက်ရောက်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိစေမည်ကြောင်း ပြောကြားသည်။

အစီအစဉ်အရ သင်တန်းတက်ရောက်သူ ၈၅ ဦး အနက် ထူးချွန်စွာအောင်မြင်ခဲ့သည့် ပထမဆု၊





ဒုတိယဆုနှင့် တတိယဆုရရှိသူများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌကလည်းကောင်း၊ သင်တန်းဆင်းလက်မှတ်များကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသားနှင့် သင်တန်းသူများ ကိုယ်စား ဆုရရှိသည့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဦးဆောင်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တစ်ပြေးညီပြည့်စုံမှန်ကန်စေရေး ဆောင်ရွက်ခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှစ်ခု၌ မြေပြင်ကွင်းဆင်းစစ်ဆေးမှု (၁၆) ကြိမ်ဆောင်ရွက်ခဲ့ပြီး လမ်းပိုင်းနေရာ ၆၀၂ ၌ Road Safety Audit ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်တွင် အများစု လွဲမှားလေ့ရှိသည့်အချက် ၁၉ ချက်ကို အမြန်ဆုံးပြန်လည်ပြင်ဆင်ရမည့် အနိမ့်ဆုံး အခြေခံသတ်မှတ်ချက်များအဖြစ် ဖော်ထုတ်ဖြန့်ဝေထားပြီးဖြစ်ရာ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ အနေဖြင့် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။



၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များအလိုက် Road Safety Audit ဆောင်ရွက်မှု စုစုပေါင်း ၃၇၁၇ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး လမ်းညွှန်း ၂၁၀၅၇ ခု၊ အလျားလိုက်မျဉ်း အမှတ်အသား ၁၂၂၄ မိုင် ၃ ဒသမ ၄ ဖာလုံ ၄၄၄ ပေ၊ ကန့်လန့်ဖြတ်မျဉ်း အမှတ်အသား ၁၁၉၅ ခု၊ အခြားလမ်း အမှတ်အသား ၁၁၁၆၁ ခုနှင့် အချက်ပြ ၁၁၁၈ ခု ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့ရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြင်ဆင်ဆောင်ရွက်ရန်လိုအပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးခဲ့သည်ကို စိစစ်တွေ့ရှိရကြောင်း၊ အသစ်ဆောင်ရွက်မှုအနေဖြင့် လမ်းညွှန်း ၂၃၄၆၂ ခု၊ အလျားလိုက်မျဉ်း အမှတ်အသား ၁၁၉၃ မိုင်သုည ဒသမ ၁၅ ဖာလုံ ၁၄၃ ပေ၊ ကန့်လန့်ဖြတ်မျဉ်း အမှတ်အသား ၂၀၆၉ ခု၊ အခြားလမ်းအမှတ်အသား ၈၆၅၀ နှင့် အချက်ပြ ၁၉၀ ထပ်မံဆောင်ရွက်နိုင်ခဲ့ပြီး အသစ်ဆောင်ရွက်ရန်လိုအပ်မှု၏ ၅၁ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ရန်ကုန်- မန္တလေးအဝေးပြေးလမ်း (လမ်းဟောင်း) တစ်လျှောက် လမ်းလယ်မျဉ်း အမှတ်အသားများ တစ်ပြေးညီပြည့်စုံမှန်ကန်စွာ ဆောင်ရွက်ရေးနှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်းများ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရန်ကုန် - မန္တလေး လမ်းဟောင်းတစ်လျှောက် လမ်းလယ်မျဉ်းအမှတ်အသားများ တစ်ပြေးညီ ပြည့်စုံမှန်ကန်စွာဆောင်ရွက်ရေးနှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရေး ကိစ္စရပ်များကိုလည်းကောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးအောင်မျိုးဦးက ရန်ကုန်-မန္တလေး အဝေးပြေးလမ်း(လမ်းဟောင်း)တစ်လျှောက် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာနှင့် BOT ကုမ္ပဏီများဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီး ဒေါ်ဖြူဖြူဝင်းက ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများဆောင်ရွက်ပြီးစီးမှုသုံးသပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်-မန္တလေး အဝေးပြေးလမ်း (လမ်းဟောင်း)နှင့်သက်ဆိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များဖြစ်သည့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ မြို့တော်ဝန်များ၊ တက်ရောက်လာသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လမ်းလယ်မျဉ်းအမှတ်အသားများ တစ်ပြေးညီပြည့်စုံမှန်ကန်စေရေးနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဆောင်ရွက်မည့်လုပ်ငန်းကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို ချမှတ်ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များ ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၉**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အသိပညာမျှဝေရေးအစီအစဉ် (Knowledge Sharing Program–KSP)၏ ဆွေးနွေးပွဲ အမှတ်စဉ်(၃၈)ကို "နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် စပ်လျဉ်း သည့် စစ်ဆေးတွေ့ရှိချက်များ" ခေါင်းစဉ်ဖြင့် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။





ဆွေးနွေးပွဲသို့ ဒုတိယစာရင်း စစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမနှင့် အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းခန်းမမှလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် စာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက အွန်လိုင်းမှလည်းကောင်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေဖြင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှု အရည်အသွေးတိုးတက်စေရန် ယခုကဲ့သို့ အသိပညာမျှဝေ ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ကျင်းပပေးလျက်ရှိကြောင်း၊ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များကို ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဆွေးနွေးချက်များကို ဂရုပြုမှတ်သားပြီး ဝန်ထမ်းဆိုင်ရာကိစ္စရပ်များကို စစ်ဆေးဆောင်ရွက်ရာတွင် ထိရောက်စွာ စစ်ဆေးနိုင်ခြင်းဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ အပ်နှင်းထားသည့်တာဝန်များနှင့်အညီ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု တိုးတက်ကောင်းမွန်စေရေး ထိန်းကျောင်းမှုတွင် များစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်သာလွင်က ဝန်ထမ်းခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ နှစ်တိုးလစာထုတ်ပေးခြင်း၊ ပြောင်းရွှေ့ခြင်း၊ ခွင့်ခံစားခြင်း၊ အငြိမ်းစားယူခြင်း၊ ဝန်ထမ်းမှတ်တမ်းရေးသွင်းခြင်း စသည့် အကြောင်းအရာများနှင့်စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရှန်ကျိုး-၁၇ အာကာသယာဉ်မှူးများ တရုတ်နှစ်သစ်ကူးပွဲတော်အတွက် ဆုတောင်းစကား ပြောကြား



ပေကျင်း ဖေဖော်ဝါရီ ၉

တရုတ်နိုင်ငံမှ ရှန်ကျိုး-၁၇ အာကာသယာဉ်မှူးများသည် ဖေဖော်ဝါရီ ၉ ရက်တွင် အာကာသထဲမှနေ၍ တရုတ်နှစ်သစ်ကူးပွဲတော်အတွက် နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံ၏ အာကာသစခန်းတွင်တာဝန်ထမ်းဆောင်နေသည့် အာကာသယာဉ်မှူးများဖြစ်သည့် Tang Hongbo၊ Tang Shengjie နှင့် Jiang Xinlin တို့သည် အမိမြေနှင့် တရုတ်နိုင်ငံသားများအားလုံး သာယာဝပြောရေးအတွက် ဆုတောင်းစကားပေးပို့ခဲ့ခြင်းဖြစ်သည်။

"မိမိတို့သည် အာကာသထဲတွင် ပျော်ရွှင်စရာ တရုတ်နှစ်သစ်ကူးကို အပြည့်အဝ ပိုင်ဆိုင်ထားသည်" ဟု ခေါင်းဆောင်အာကာသယာဉ်မှူး Tang Hongbo က ပြောကြားခဲ့သည်။

အာကာသထဲသို့ပထမဆုံးအကြိမ် လိုက်ပါခဲ့သည့် အာကာသယာဉ်မှူး Tang Shengjie က အမိမြေနှင့် မိသားစုကို လွမ်းဆွတ်ကြောင်း ပြောကြားခဲ့သည်။ "တရုတ်နှစ်သစ်ကူးကို အာကာသထဲတွင် ပထမဆုံးအကြိမ် ဖြတ်သန်းရခြင်းသည် မိမိအတွက် အဖိုးတန်သည့် ဘဝအတွေ့အကြုံတစ်ခုဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တရုတ်နိုင်ငံသာယာဝပြောရေးနှင့် တရုတ်နိုင်ငံသားများ ကျန်းမာချမ်းသာကြပါစေ ဟု အာကာသယာဉ်မှူး Jiang Xinlin ကလည်း ဆုတောင်းခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ကမ္ဘောဒီးယားနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူတစ်ဦး ထပ်မံစစ်ဆေးတွေ့ရှိ




ဖနောင်ပင် ဖေဖော်ဝါရီ ၉

ကမ္ဘောဒီးယားနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူတစ်ဦးကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၉ ရက်တွင် အမျိုးသားကျန်းမာရေးအင်စတီကျုမှ ဓာတ်ခွဲခန်းရလဒ်များအရ အမျိုးသားတစ်ဦးထံတွင် မျောက်ကျောက်ရောဂါကူးစက်ခံထားရကြောင်း သိရသည်။

ရောဂါကူးစက်ခံရသည့် အဆိုပါအမျိုးသားသည် ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

လွန်ခဲ့သည့် ဒီဇင်ဘာလမှစတင်ကာ လက်ရှိအချိန်အထိ နိုင်ငံအတွင်း အဆိုပါရောဂါကူးစက်ခံရသူ ခြောက်ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မျောက်ကျောက်ရောဂါပိုးသည် တစ်ဦးမှ တစ်ဦးသို့ တိုက်ရိုက်ထိတွေ့ခြင်းမှ ကူးစက်နိုင်ကြောင်း သိရသည်။

ကိုယ်ဝန်ဆောင်မိခင်တွင် မျောက်ကျောက်ရောဂါရှိနေပါက ချက်ကြိုးမှတစ်ဆင့် မိခင်မှ ကလေးသို့ ကူးစက်နိုင်ကြောင်းသိရသည်။

ခန္ဓာကိုယ်ပေါ်တွင် အရည်ကြည်ဖုများထွက်ခြင်းနှင့် အဖျားတက်ခြင်း၊ အရည်ကြည်ဖုများ ရောင်ရမ်းခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ ခါးနာခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုများ စသည့် ရောဂါလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသသင့်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ပြည်သူများကို တိုက်တွန်းထားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

✪ ကျောဖုံးမှ

ထို့ပြင် ထိုင်းနိုင်ငံဘက်မှ မြဝတီမြို့သို့ လာရောက်သူ ခရီးသွားများပြားလျက်ရှိကြောင်းလည်း သိရသည်။

ကရင်ပြည်နယ်ရှိ အာရှလမ်းမကြီးမှာ အကြောင်းအမျိုးမျိုးကြောင့်ပိတ်ထားသည့်အတွက် မြန်မာဘက်မှခရီးသွားများနှင့် ကုန်သည်များက မြဝတီမြို့မှတစ်ဆင့် ကုန်စည်စီးဆင်းမှုအတွက် ထော့ကော်ကိုးလမ်းကြောင်းကို သုံးနေခြင်းဖြစ်သည်။

"ထိုင်းကုန်စည်ကို မြန်မာဘက်သယ်တာက ထော့ကော်ကိုးလမ်းကိုပဲတောက်လျှောက်သုံးနေတာပါ။ ဒီလမ်းကိုပဲ သုံးနေတာပေါ့။ လမ်းကြမ်းတော့ ကားတွေလည်းသွားရတာနည်းနည်းခက်ခဲတာရှိတာပေါ့။ လက်ကျန်ကုန်တွေသွားတာများနေပါတယ်" ဟု မြဝတီမြို့ခံ ကုန်သည်တစ်ဦးက ရှင်းပြသည်။

သစ်တော်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၅ | ၂၇၄၀ | ၂၇၁၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၂၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၅၅ | ၂၈၅၀ | ၂၈၁၅ | ၂၈၅၀ | ၂၈၇၅ | ၂၈၆၀ | ၂၈၄၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၄၅ | ၂၈၆၀ | ၂၈၉၀ | ၂၈၉၀ | ၂၈၉၅ | ၃၁၂၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၂၅ | ၂၅၇၀ | ၂၅၆၅ | ၂၅၃၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၀ | ၂၅၅၅ | ၂၆၇၅ | ၂၆၇၀ | ၂၅၆၅ | ၂၅၇၀ | ၂၆၁၀ | ၂၆၁၀ | ၂၆၁၀ | ၂၈၄၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၅၇၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၀၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၁၀ | ၂၆၂၅ | ၂၆၅၅ | ၂၆၆၀ | ၂၆၆၀ | ၂၈၉၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၉ | ၂၆၄၄ |
| 95 Ron | ၂၆၇၇ | ၂၇၆၄ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၄၅၁ | ၂၅၃၀ |
| HSD (10 ppm) | ၂၄၆၄ | ၂၅၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်**

❖ မြန်မာနိုင်ငံမှ

အမှတ်တရ ဂုဏ်ပြုလက်ဆောင်အားပေးအပ်ရာ အထွေထွေမန်နေဂျာ ဦးမင်းညွန့်က လက်ခံရယူသည်။ ယင်းနောက် Burmese Golf မန်နေးဂျင်းဒါရိုက်တာ ဦးကျော်ကိုကိုချစ်က စုစုပေါင်းရိုက်ချက် ၂၉၅ ချက်ဖြင့် Best Amateur Player ဆုရရှိသူ မင်းစစ်သွေး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်းက Senior Pro အဆင့်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၂၁ ချက်ဖြင့် တတိယဆုရရှိသော စိုးကျော်နိုင်(Taylormade)၊ စုစုပေါင်းရိုက်ချက် ၂၂၀ ချက်ဖြင့် ဒုတိယဆုရရှိသော ကျော်မိုး (Green Joy Pro Shop)၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေက စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ကာ ပထမဆုရရှိသော မင်းနိုင်ကို ပထမဆုဖလားပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ Professional အဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများအားဆုများပေးအပ်ချီးမြှင့်ရာ Junior Golf Myanmar ဒုတိယဥက္ကဋ္ဌ ဦးရန်အောင်မိုးက စုစုပေါင်းရိုက်ချက် ၂၈၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ တတိယဆုရရှိသည့် သိန်းနိုင်စိုး (HAN Golf Academy) ကိုလည်းကောင်း၊ Tournament Director ဦးဌေးအောင်က စုစုပေါင်းရိုက်ချက် ၂၇၈ ချက်ဖြင့်သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ ဒုတိယရရှိသည့် ရာဇာ (MGG) ကိုလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးသန့်ဇင်က စုစုပေါင်းရိုက်ချက် ၂၆၅ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက်လျော့ကာ ပထမဆုရရှိသော ကျော်သက်ဦး (Okkala Golf Academy & Tee off Apparel) ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီက Senior Professional အဆင့်တွင် ပထမဆုရရှိသည့် မင်းနိုင်အား ဆုကြေးငွေချက်လက်မှတ် ပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Professional အဆင့်တွင် ပထမဆုရရှိသော ကျော်သက်ဦး (Okkala Golf Academy & Tee off Apparel) အား အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားနှင့် ဆုကြေးငွေချက်လက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့် ဆုရရှိသူများ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ– MGF

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း(၆၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁။ MMS ASTM C151/C151M–18 ရေဖြင့်မာကျောနိုင်သည့် ဘိလပ်မြေ၏ ပေါင်းတင်အိုးအတွင်း ဆန့်ထွက်ပြန့်ကားမှုအတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်း

၂။ MMS ASTM D113–17 ကတ္တရာဆက်စပ်ပစ္စည်းများ၏ ဆွဲဆန့်ခံနိုင်ရည်အတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်း

၃။ MMS ASTM D2042 – 15 Trichloroethylene တွင် ကတ္တရာဆက်စပ်ပစ္စည်းများ၏ ပျော်ဝင်နိုင်စွမ်းအတွက် စံထားရှိသည့် စမ်းသပ်နည်းလမ်း

၄။ MMS JIS G 0404 : 2014 သံမဏိနှင့်သံမဏိထုတ်ကုန်ပစ္စည်းများ – အထွေထွေနည်းပညာဆိုင်ရာထုတ်ပေးရမည့် လိုအပ်ချက်များ

၅။ MMS JIS G 0416: 2014 သံမဏိနှင့်သံမဏိထုတ်ကုန်ပစ္စည်းများ – စမ်းသပ်နမူနာထုတ်ယူရမည့် နေရာနှင့် နမူနာပစ္စည်းပြင်ဆင်ခြင်းနှင့် စက်မှုဂုဏ်သတ္တိများကိုစစ်ဆေးရန် စမ်းသပ်နမူနာပစ္စည်းများ

၆။ MMS JIS G 1253: 2002 သံနှင့်သံမဏိ – spark discharge atomic emission spectrometric analysis ပြုလုပ်သည့်နည်းလမ်း

၇။ MMS JIS Z 2241 : 2011 သတ္တုဒြပ်ပစ္စည်းများ – အခန်းအပူချိန်၌ တိုင်းတာစစ်ဆေးသည့် ဆန့်အားတိုင်းတာစစ်ဆေးခြင်းနည်းလမ်း

၈။ MMS JIS Z 2244: 2009 ဗစ်ကာအမာသတ္တိ တိုင်းတာစစ်ဆေးခြင်း – တိုင်းတာစစ်ဆေးသည့်နည်းလမ်း

၉။ MMS JIS Z 2245: 2016 ရော့ခ်ဝဲလ်အမာသတ္တိ တိုင်းတာစစ်ဆေးခြင်း – တိုင်းတာစစ်ဆေးသည့်နည်းလမ်း

၁၀။ MMS JIS A 5523:2012 ဂဟေဆော်နိုင်သည့် အပူလိုမ့်သံမဏိပြား မြေထိန်းနံရံကာ

၁၁။ MMS JIS A 5528:2012 အပူလိုမ့်သံမဏိပြား မြေထိန်းနံရံကာ

၁၂။ MMS ISO 10004:2018 အရည်အသွေးစီမံခန့်ခွဲမှု – စားသုံးသူကျေနပ်မှု – စောင့်ကြည့်လေ့လာခြင်းနှင့် တိုင်းတာခြင်းလမ်းညွှန်မှုများ

၁၃။ MMS ISO 10005:2018 အရည်အသွေးစီမံခန့်ခွဲမှု – အရည်အသွေးစီမံချက်လမ်းညွှန်မှုများ

၁၄။ MMS IEC 60332–1–1:2004+AMD1:2015 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများကို မီးလောင်သော အခြေအနေအောက်တွင် စမ်းသပ်ခြင်းများ – အပိုင်း ၁–၁ – လျှပ်ကာ တစ်ထပ်ပါ ဝါယာကြိုး သို့မဟုတ် ကေဘယ်လ်အတွက် ထောင်လိုက် မီးတောက်ပျံ့နှံ့မှုကို စမ်းသပ်ခြင်း–ကိရိယာများ

၁၅။ MMS IEC 60332–1–2:2004+AMD1:2015 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများကို မီးလောင်သောအခြေအနေအောက်တွင် စမ်းသပ်ခြင်းများ – အပိုင်း ၁–၂ – လျှပ်ကာတစ်ထပ်ပါ ဝါယာကြိုး သို့မဟုတ် ကေဘယ်လ်အတွက် ထောင်လိုက် မီးတောက်ပျံ့နှံ့မှုကို စမ်းသပ်ခြင်း – ၁ ကီလိုဝပ် ကြိုတင်ပေါင်းစပ် ပြင်ဆင်ထားသောမီးတောက်အတွက် လုပ်ငန်းစဉ်

၁၆။ MMS IEC 60332–1–3:2004+AMD1:2015 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများကို မီးလောင်သောအခြေအနေအောက်တွင် စမ်းသပ်ခြင်းများ – အပိုင်း ၁–၃ – လျှပ်ကာတစ်ထပ်ပါ ဝါယာကြိုး သို့မဟုတ် ကေဘယ်လ်အတွက် ထောင်လိုက်မီးတောက်ပျံ့နှံ့မှုကို စမ်းသပ်ခြင်း–မီးတောက်နေသောအမှုန်အမွှားများ စိစစ်သတ်မှတ်ခြင်းအတွက် လုပ်ငန်းစဉ်

၁၇။ MMS IEC 60811–100:2012 လျှပ်စစ်ကေဘယ်လ်နှင့်ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၁၀၀ – အထွေထွေ

၁၈။ MMS IEC 60811–201:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ–သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၂၀၁ – အထွေထွေစမ်းသပ်မှုများ – လျှပ်ကာအထူတိုင်းတာခြင်း

၁၉။ MMS IEC 60811–202:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ–သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၂၀၂ – အထွေထွေစမ်းသပ်မှုများ – သတ္တုမဟုတ်သောကေဘယ်လ်အကာ၏အထူကို တိုင်းတာခြင်း

၂၀။ MMS IEC 60811–203:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ– သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၂၀၃ – အထွေထွေစမ်းသပ်မှုများ–ယေဘုယျအတိုင်းအတာများ တိုင်းတာခြင်း

၂၁။ MMS IEC 60811–401:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၁ – အမျိုးမျိုးသောစမ်းသပ်မှုများ – အပူရှိန်ဖြင့် ယိုယွင်းပျက်စီးသောနည်းလမ်းများ – အလုံပိတ်လေမီးဖိုထဲတွင် အပူရှိန်ဖြင့် ယိုယွင်းပျက်စီးခြင်းကို စမ်းသပ်မှု

၂၂။ MMS IEC 60811–403:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၃ – အမျိုးမျိုးသော စမ်းသပ်မှုများ– ပေါင်းစပ်ထားသောဒြပ်ပေါင်းများတွင် အိုဇုန်းခုခံမှုစမ်းသပ်ခြင်း

၂၃။ MMS IEC 60811–404:2012 လျှပ်စစ်ကေဘယ်လ်နှင့်ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၄ – အမျိုးမျိုးသော စမ်းသပ်မှုများ–ကေဘယ်လ်အကာများအတွက် ဓာတ်သတ္တုဆီနှစ်မြုပ်၍စမ်းသပ်ခြင်းများ

၂၄။ MMS IEC 60811–405:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၅ – အမျိုးမျိုးသောစမ်းသပ်မှုများ – ပိုလီဗီနိုင်းကလိုရိုဒ်လ် လျှပ်ကာများနှင့် ပိုလီဗီနိုင်းကလိုရိုဒ်လ် ကေဘယ်လ်အကာများအတွက် အပူရှိန်ဖြင့် တည်မြဲမှုစမ်းသပ်ခြင်း

၂၅။ MMS IEC 60811–409:2012 လျှပ်စစ်ကေဘယ်လ်နှင့်ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၀၉ – အမျိုးမျိုးသောစမ်းသပ်မှုများ–သာမိုပလတ်စတစ် လျှပ်ကာများနှင့် ကေဘယ်လ်အကာများအတွက် ဒြပ်ထုလျော့နည်းမှုစမ်းသပ်ခြင်း

၂၆။ MMS IEC 60811–412:2012 လျှပ်စစ်ကေဘယ်လ်နှင့်ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၄၁၂ – အမျိုးမျိုးသောစမ်းသပ်မှုများ – အပူရှိန်ဖြင့် ယိုယွင်းပျက်စီးခြင်းကို စမ်းသပ်နည်းများ – လေဖုံး (air bomb) ထဲတွင် ယိုယွင်းပျက်စီးခြင်းကို စမ်းသပ်မှု

၂၇။ MMS IEC 60811–501:2012+AMD1:2018 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၁ – စက်မှုပိုင်းဆိုင်ရာ စမ်းသပ်မှုများ – လျှပ်ကာနှင့်ကေဘယ်လ်အကာ ဒြပ်ပေါင်းများ၏ စက်မှုပိုင်းဆိုင်ရာဂုဏ်သတ္တိများကို စိစစ်သတ်မှတ်မှု စမ်းသပ်ခြင်းများ

၂၈။ MMS IEC 60811–504:2012 လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၄ – စက်မှုပိုင်းဆိုင်ရာ စမ်းသပ်မှုများ – နိမ့်သောအပူချိန်တွင် လျှပ်ကာနှင့် ကေဘယ်လ်အကာများအတွက် ကွေးညွတ်မှုစမ်းသပ်ခြင်းများ

၂၉။ MMS IEC 60811–505:2012 လျှပ်စစ်ကေဘယ်လ်နှင့်ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၅ – စက်မှုပိုင်းဆိုင်ရာ စစ်ဆေးခြင်းများ – နိမ့်သောအပူချိန်တွင် လျှပ်ကာများနှင့် ကေဘယ်လ်အကာများအတွက် ဆန့်ထွက်ခြင်းကို စမ်းသပ်မှု

၃၀။ MMS IEC 60811–506:2012 လျှပ်စစ်ကေဘယ်လ်နှင့်ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၆ – စက်မှုပိုင်းဆိုင်ရာ စမ်းသပ်မှုများ – နိမ့်သောအပူချိန်တွင် လျှပ်ကာများနှင့် ကေဘယ်လ်အကာများအတွက် အားသက်ရောက်မှုကို စမ်းသပ်ခြင်း

၃၁။ MMS IEC 60811–507:2012 လျှပ်စစ်ကေဘယ်လ်နှင့်ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၇ – စက်မှုပိုင်းဆိုင်ရာစမ်းသပ်မှုများ – ပေါင်းစပ်ပစ္စည်းများအတွက် အပူပေးစမ်းသပ်ခြင်း

၃၂။ MMS IEC 60811–508:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၈ – စက်မှုပိုင်းဆိုင်ရာစမ်းသပ်မှုများ – လျှပ်ကာနှင့် ကေဘယ်လ်အကာများအတွက် မြင့်မားသောအပူချိန်တွင် ဖိအားစမ်းသပ်ခြင်း

၃၃။ MMS IEC 60811–509:2012+AMD1:2017 CSV လျှပ်စစ်ကေဘယ်လ်နှင့် ဖန်အလင်းမျှင်ကြိုးများ – သတ္တုမဟုတ်သောပစ္စည်းများအတွက် စမ်းသပ်နည်းများ – အပိုင်း ၅၀၉ –စက်မှုပိုင်းဆိုင်ရာစမ်းသပ်မှုများ – လျှပ်ကာများနှင့်ကေဘယ်လ်အကာများ၏ ကွဲအက်ခြင်းခုခံနိုင်မှုစမ်းသပ်ခြင်း (အပူဒဏ်ခံနိုင်မှု စမ်းသပ်ခြင်း)

၃၄။ MMS IEC 62440:2008 သတ်မှတ်ထားသော ဗို့အား ၄၅၀/၇၅၀ ဗို့ထက်မပိုသော လျှပ်စစ်ကေဘယ်လ်ကြိုးများ – အသုံးပြုရန်လမ်းညွှန်

၃၅။ MMS UNECE Regulation 112:2013 – Filament Lamp နှင့်/သို့မဟုတ် LED မီးလုံးများကို တပ်ဆင်အသုံးပြုထားသော မော်တော်ယာဉ်ရှေ့မီးကြီးမှ အလင်းရောင်ဖြာထွက်မှု အချိုးမညီခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်းနံပါတ် – ၁၁၂

၃၆။ MMS UNECE Regulation 113:2023–Filament ၊ Gas Discharge Light (သို့မဟုတ်) LED မီးလုံးများကို တပ်ဆင်အသုံးပြုထားသော မော်တော်ယာဉ် ရှေ့မီးကြီးမှ အလင်းရောင်ဖြာထွက်မှု အချိုးညီခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာစည်းမျဉ်းနံပါတ် – ၁၁၃

၃၇။ MMS 34:2024 မန်ကျည်းသီးမှည့်စံချိန်စံညွှန်း

၃၈။ MMS 35 : 2024 မြန်မာ့ရော်ဘာစံအရည်အသွေးသတ်မှတ်ချက်

၃၉။ MMS 36 :2024 *Azadirachta indica* A. Juss တမာ

၄၀။ MMS 37:2024 *Moringa oleifera* Lam. ဒန့်သလွန်

၄၁။ MMS 38:2024 *Tamarindus indica* L. မန်ကျည်း

၄၂။ MMS 39:2024 *Terminalia bellirica* (Gaertn.) Roxb. သစ်ဆိမ့်

၄၃။ MMS 40:2024 *Terminalia chebula* Retz. ဖန်ခါး

၄၄။ MMS 41:2024 *Mimusops elengi* L. ခရေ

၄၅။ MMS 42:2024 *Mesua ferrea* L. ကံ့ကော်

၄၆။ MMS 10: 2020/ Amd 1:2024 *Acorus calamus* L. လင်းနေ

၄၇။ MMS 43:2024 မြန်မာ့ဆန်မှုန့်စံချိန်စံညွှန်း

၄၈။ MMS 44:2024 အမျိုးသားမြေပေါ်ရေအရည်အသွေးဆိုင်ရာစံချိန်စံညွှန်း

၄၉။ MMS ISO/IEC Guide 68:2002 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်းရလဒ်များကို အသိအမှတ်ပြုခြင်း (recognition) နှင့် လက်ခံခြင်း (acceptance) အတွက် အစီအစဉ်များ

၅၀။ MMS ISO/IEC 27006:2015 သတင်းအချက်အလက်နည်းပညာ – လုံခြုံရေးနည်းစနစ်များ–သတင်းအချက်အလက်လုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ

၅၁။ MMS ISO/IEC 27006:2015, Amd 1:2020 သတင်းအချက်အလက်နည်းပညာ – လုံခြုံရေးနည်းစနစ်များ – သတင်းအချက်အလက် လုံခြုံမှုဆိုင်ရာစီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်းဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ — ပြင်ဆင်ချက် ၁

**စာမျက်နှာ ၁၅ သို့** ❖

# မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အငြိမ်းစားဝန်ထမ်းဟောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



**နေပြည်တော် ဖေဖော်ဝါရီ ၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ဌာနအသီးသီးရှိ အငြိမ်းစားဝန်ထမ်းဟောင်းများနှင့် ကြီးကြပ်သူများ စုစုပေါင်း ၄၇ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် အငြိမ်းစားဝန်ထမ်းများသည် ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြပြီး ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘုရားဖူး အငြိမ်းစားဝန်ထမ်းများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိ၊ မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂမဟာပဏ္ဍိတ ... 

**သတင်းစဉ်**

# “လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု”ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၉**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် “လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု” လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးတင်ဆွေဝင်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အရာရှိကြီးများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) ကျောင်းအုပ်ကြီး ဒေါက်တာမင်းမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်အတွင်းရေးမှူးက အဂတိလိုက်စားမှုကို ရက်ရှု့သည့်၊ ဆန့်ကျင်သည့်၊ တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာရေး ဆောင်ရွက်ရာတွင် ကျောင်းသားလူငယ်တို့၏အခန်းကဏ္ဍကို မြှင့်တင်ရန်၊ ကျောင်းသားလူငယ်များအနေဖြင့် အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုများ မှန်ကန်စေရန်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ဖြစ်ထွန်းစေရန် ရည်ရွယ်ပြီး တက္ကသိုလ်/ကောလိပ်များတွင် ယခုကဲ့သို့ လူငယ်စကားဝိုင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဖြောင့်မတ် တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ် ဖြစ်ပေါ်လာစေရန် စာသင်ကျောင်းများမှ စတင်ရမည်ဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များကို ဖြောင့်မတ်တည်ကြည်မှုရှိသည့် အပြုအမူ၊ စဉ်းစားတွေးခေါ်မှုနှင့် ကျင့်ဝတ်လိုက်နာမှုများကို ငယ်စဉ်ကတည်းက စနစ်တကျ လေ့ကျင့် ပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ ကျင့်ဝတ်နှင့်ညီသည့် လူ့အဖွဲ့အစည်းသည် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အဖွဲ့အစည်းဖြစ်ပြီး နိုင်ငံတော်၏ ကောင်းမွန်သည့်အနာဂတ်ကို ပုံဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက “လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု”ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။




ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၁၄ မှ

၅၂။ MMS ISO 50003:2021 စွမ်းအင်စီမံခန့်ခွဲမှုစနစ်များ – စွမ်းအင်စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ

၅၃။ MMS ISO 22003–1:2022 အစားအသောက်ဘေးကင်းရေး – အပိုင်း ၁ – အစားအသောက်ဘေးကင်းရေးစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ

၅၄။ MMS ISO 14066:2023 ပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက် – သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များကို validating နှင့် verifying ဆိုင်ရာ အဖွဲ့များအတွက် ကျွမ်းကျင်မှုလိုအပ်ချက်များ

၅၅။ MMS ISO 14067:2018 ဖန်လုံအိမ်ဓာတ်ငွေ့ – ထုတ်ကုန်များ၏ Carbon footprint ပမာဏကို သတ်မှတ်ရန်အတွက် လိုအပ်ချက်များနှင့် လမ်းညွှန်ချက်များ

၅၆။ MMS ISO/IEC TS 17021–8:2019 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ – အပိုင်း ၈ – အဖွဲ့အစည်းများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၅၇။ MMS ISO/IEC TS 17021–11:2018 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ – အပိုင်း ၁၁ – အရည်အသွေးစစ်ဆေးခြင်းနှင့် အထောက်အကူပြု စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှု လိုအပ်ချက်များ

၅၈။ MMS ISO/IEC TS 17021–12:2020 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ – အပိုင်း ၁၂ – အရည်အသွေးစစ်ဆေးခြင်းနှင့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၅၉။ MMS ISO/IEC TS 17021–13:2021 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာအရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ – အပိုင်း ၁၃ – compliance စီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၆၀။ MMS ISO/IEC TS 17021–14:2022 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာအရည်အသွေးထောက်ခံချက်နှင့် အရည်အသွေးစစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ – အပိုင်း ၁၄ – စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ မှတ်တမ်းများအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

၆၁။ MMS ISO/IEC TR 17032:2019 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း – အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် နမူနာများအတွက် လုပ်ငန်းအစီအစဉ်

၆၂။ MMS ISO/TS 17033:2019 ကျင့်ဝတ်ဆိုင်ရာတောင်းဆိုမှုများနှင့် သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း – အခြေခံမူများနှင့် လိုအပ်ချက်များ

၆၃။ MMS ISO/IEC 17060:2022 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း – အလေ့အကျင့်ကောင်းဆိုင်ရာ ကျင့်ထုံး

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေ၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။



ယနေ့တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းအလင်းဝင်ရောက်သူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခြင်းနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဥပဒေဘောင်အတွင်း အလင်းဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား လေးဦးတို့အား ၎င်းတို့နှင့်အတူ ပါလာသည့် M-4 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀၊ Glock ပစ္စတို တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀၊ Zoraki ပစ္စတို တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၂၀ စုစုပေါင်းကျပ်သိန်း ၉၀ နှင့် ထောက်ပံ့ပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် လက်နက်၊ ခဲယမ်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက ၎င်းတို့နှင့်အတူပါလာသည့် M-4 အမျိုးအစား မောင်းပြန်ရိုင်ဖယ် တစ်လက်၊ Glock ပစ္စတို တစ်လက်၊ Zoraki ပစ္စတို တစ်လက်အား အပ်နှံကြရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်၍ ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်း အလင်းဝင်ရောက်သူများ၏ မိသားစုဝင်များကိုယ်စား ဖခင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဆီဆိုင်မြို့နယ်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က ကျေးရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီး၊ ပြည်သူများထွက်ပြေးနေရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်တွင် ဖေဖော်ဝါရီ ၈ ရက်က ဘန်းယဉ်မြို့ အရှေ့ဘက်ရှိ ပအိုဝ်းကျေးရွာများအား တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့် ၁၆ ကြိမ်ပစ်ခတ်ခဲ့ရာ ကျေးရွာနေပြည်သူများ ထွက်ပြေးနေရဟု မဟုတ်မမှန်သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။




အထက်ပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများထံမှကြားသိရသော သတင်းများအရ အကြမ်းဖက် PNLA ၊ KNDF နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဘန်းယဉ်မြို့နယ်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာမှုကြောင့် ဒေသခံပြည်သူများ စစ်ဘေးရှောင်နေရပြီး ကျေးရွာနေပြည်သူများမရှိခိုက် ရွာအတွင်း မွှေနှောက်ရှာဖွေခြင်း၊ ဈေးဆိုင်များမှ စားသောက်ကုန်များအား အတင်းအဓမ္မယူဆောင်ခြင်း၊ ရွာသားများအား ဖမ်းဆီးခေါ်ဆောင်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်နေမှုများကြောင့် တပ်မတော်နှင့် ဒေသကာကွယ်ရေး PNO (ပြည်သူ့စစ်)အဖွဲ့များက ပူးပေါင်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများက ထိုကျေးရွာများကို လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုတို့ကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်ခဲ့ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက် စာမျက်နှာများတွင် သတင်းမှားများကို ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်မရောထောင်တွင် နိုင်ငံရေးအကျဉ်းသားများ အစာငတ်ခံဆန္ဒပြဟု မဟုတ်မမှန် သတင်းများရေးသား ဝါဒဖြန့်ချိလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၉

မွန်ပြည်နယ် ကျိုက်မရောဗဟိုအကျဉ်းထောင်တွင် တရားမဝင် ဖုန်းရှာဖွေဖမ်းဆီးရမိသည့်ကိစ္စနှင့်ပတ်သက်ပြီး စစ်ဆေးမေးမြန်းရန်ခေါ်သွားသည့် နိုင်ငံရေးအကျဉ်းသား နှစ်ဦးကို တိုက်ပိတ်အရေးယူခဲ့သည့်အတွက် နိုင်ငံရေးအကျဉ်းသားများ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးတောင်းဆိုချက်အနေဖြင့် အချက် သုံးချက်ကို လိုက်လျောပေးရန် အစာငတ်ခံဆန္ဒပြနေကြသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများဖြစ်သည့် DVB နှင့် Mizzima တို့က မဟုတ်မမှန်ရေးသားဝါဒဖြန့်နေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အကျဉ်းထောင်တွင် ဇန်နဝါရီ ၂၈ ရက်က အထူးရှာဖွေရေးပြုလုပ်ခဲ့ကြောင်း၊ ဘုရားစင်ဒေါက်အတွင်းမှ ဖုန်းနှစ်လုံးရှာဖွေတွေ့ရှိကြောင်း၊ ပိုင်ရှင်ဝန်ခံခြင်းမရှိ၍ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခဲ့ကြောင်း၊ အကျဉ်းသားများက လိမ်လည်ဖုံးဖိ ထွက်ဆိုကြကြောင်း၊ ဖုန်းများကို နည်းပညာဖြင့် စစ်ဆေးရာ ပိုင်ရှင်ကိုသိရှိရကြောင်း၊ သိရှိရချိန်တွင် ပိုင်ရှင်နှစ်ဦးကို ခေါ်ယူစစ်မေးခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ စစ်ဆေးခဲ့ပြီး သီးခြားခွဲထားကြောင်း၊ တိုက်ပိတ်ထားခြင်းမဟုတ်ကြောင်း၊ လျှပ်စစ်မီးမှာ ခေတ္တပြတ်တောက်ခြင်းသာဖြစ်ပြီး မီးပိတ်၍ ဖမ်းဆီးခြင်းမဟုတ်ကြောင်း၊ ထောင်တွင်း အစာငတ်ခံဆန္ဒပြခြင်း လုံးဝမရှိကြောင်း၊ အကျဉ်းသားများက တင်ပြမှုများရှိပြီး




စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကျဉ်းထောင် အုပ်ချုပ်သူများသည် သဘောထားတင်းမာခြင်း မဟုတ်ဘဲ တာဝန်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာ ထမ်းဆောင်ခြင်းသာဖြစ်ကြောင်းနှင့် အကျဉ်းထောင်အုပ်ချုပ်ရေးစနစ်ကို အထင်မှားစေရန်၊ တည်ငြိမ်နေမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လုပ်ကြံဖန်တီးရေးသားထားသော ဝါဒဖြန့်သတင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Chan Pyae Eain” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်)ရပ်ကွက်နေ ချမ်းပြည့်ပြည့်အိမ်အား မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ “Pinkylay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ချမ်းမြသာစည်မြို့နယ် မြို့သစ် အမှတ်(၄)ရပ်ကွက်နေ နွယ်ဆောင်းဦး(ခ)ဇူးဇူးအား ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Sonu” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် ကုန်းတန်းကျေးရွာနေ တင်ထွန်းနိုင်(ခ)Sonu အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျိုက္ခမီမြို့ ဆိပ်ကမ်းသာလမ်း (မြို့ပတ်လမ်း) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**သံဖြူဇရပ် ဖေဖော်ဝါရီ ၉**

(၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ကျိုက္ခမီမြို့ ဆိပ်ကမ်းသာလမ်း (မြို့ပတ်လမ်း ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျိုက်ခ္ခမီမြို့ ဆိပ်ကမ်းသာလမ်း (မြို့ပတ်လမ်း)၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားပြီး သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျိုက္ခမီမြို့ ဆိပ်ကမ်းသာလမ်း (မြို့ပတ်လမ်း) လမ်းသစ်ခင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမ၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဒေါက်တာ အောင်မြတ်ကျော်စိန် တို့က ကျိုက္ခမီမြို့ ဆိပ်ကမ်းသာလမ်း (မြို့ပတ်လမ်း) လမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရ သည်။

မြို့နယ်(ပြန်/ဆက်)

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာအစားအစာ၊ ရိုးရာပစ္စည်း ဈေးရောင်းပွဲတော်နှင့် တိုင်းရင်းသားရိုးရာပဒေသာကပွဲ ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၉**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် စစ်ကိုင်း၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာအစားအစာနှင့် ရိုးရာပစ္စည်းဈေးရောင်းပွဲတော်ကို တိုင်းရင်းသားတို့၏ အစားအစာနှင့် ပစ္စည်းများ ရိုးရာမပျောက်စေဘဲ ထိန်းသိမ်းတတ်စေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ဒီဂရီကောလိပ်၊ စစ်ကိုင်း ပင်မဆောင်အရှေ့၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက တိုင်းရင်းသားရိုးရာ အစားအစာနှင့်ရိုးရာပစ္စည်း ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စီမံ၊ လေ့ကျင့်၊ သင်ကြား ဌာနများမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများက မိမိတို့၏ဒေသနှင့် လူမျိုးအလိုက် တိုင်းရင်းသားရိုးရာ အစားအစာနှင့် ပစ္စည်းများကို ပျော်ရွှင်စွာ ရောင်းချခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန်ထက်မြက်ရန်၊ တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးညီညွတ်စေရန်၊ ငြိမ်းချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန်နှင့် ရိုးရာဝတ်စုံ၊ ရိုးရာအကများ မြတ်နိုး တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုနေ့အကြို ပဒေသာကပွဲကို ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကဖြင့် ကပြဖျော်ဖြေကြသည်။

အဆိုပါအခမ်းအနားသို့ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် နှိမ်နင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းခွဲ(မြို့မ)၌ ပြုလုပ်စဉ်။

အေးခိုင်(ပြန်/ဆက်)

အင်းစိန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးဌာနမှူး ဒေါက်တာ ဝင်းမြင့်သူနှင့် ကျန်းမာရေးဝန်ထမ်းများက ဖေဖော်ဝါရီ ၅ ရက်တွင် မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံပေးစဉ်။

ဉာဏ်ဟိန်း





ပဲခူးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းသူဟန် ဦးဆောင်၍ ပဲခူးမြို့နယ်မီးသတ်ဦးစီးမှူး၊ ဒုမီးသတ်ဦးစီးမှူး၊ မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပဲခူးမြို့နယ် ဘုရားကြီးမြို့ ဘုရားကြီးဈေးရှိ ဈေးရုံ ၁၁ ရုံနှင့် ဆိုင်ခန်းပေါင်း ၄၈၄ ခန်းတို့မှ ဈေးသူဈေးသားတို့အား မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြသခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၉ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

သက်ဖြိုးကြိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၇ ရက်က ကျောင်းသားလူငယ်များ မီးဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်တတ်စေရန်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့ပါက စနစ်တကျ ငြိမ်းသတ်တတ်စေရန်အတွက် အခြေခံပညာစာသင်ကျောင်း မီးဘေးလုံခြုံရေးဆိုင်ရာ ဆွေးနွေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဝင်း ဦးဆောင်၍ သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ် (၁၂) ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သရက်တောကျောင်းတိုက်ဝင်းအတွင်း၌ တည်ရှိသော ဘုန်းတော်ကြီးကျောင်းများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ဖေဖော်ဝါရီ ၈ ရက်တွင် ဆောင်ရွက်စဉ်။

ကျော်ဆန်းမြင့်

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး

**သထုံ ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ်ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် ဖေဖော်ဝါရီ ၇ ရက်က ဆန်၊ ဆီ၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်စသည့် အခြေခံစားသောက်ကုန်များကို သတ်မှတ်ထားသည့်သက်သာသောဈေးနှုန်းတို့ဖြင့် မြို့နယ်အဆင့် အခြေခံစားသောက်ကုန် ပစ္စည်းများ ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီမှ တာဝန်ရှိသူတို့က ဆက်လက်ရောင်းချပေးခဲ့သည်။



ထိုသို့ ရောင်းချပေးရာတွင် ဧည့်မထဆန် တစ်ပြည် ငွေကျပ် ၃၀၀၀၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၅၇၅၀ နှင့် ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်၊ ကုန်စိမ်း၊ ကုန်ခြောက် စသည့် အခြေခံစားသောက်ကုန် အမျိုးမျိုးတို့ကို သတ်မှတ်ထားသည့် သက်သာသော ဈေးနှုန်းတို့ဖြင့် စနစ်တကျ ရောင်းချပေးရာ ကွန်ပျူတာတက္ကသိုလ်(သထုံ)ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်ဝယ်ယူခဲ့ကြပြီး ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြေကျေးရွာအုပ်စု အောင်မင်္ဂလာရပ်ကွက်ရှိ ထွန်းသစ်စ စက်သုံးဆီဆိုင်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ရဲရင့်နောင်၊ လေးမျက်နှာမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲနောင်ဝင်းတို့က ဖေဖော်ဝါရီ ၇ ရက်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် အရေးပေါ်မီးငြိမ်းသတ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့စဉ်။ ရဲနောင်

## မော်ဘီမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**မော်ဘီ ဖေဖော်ဝါရီ ၉**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် သန္တေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာတွင်းလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။



ဖွင့်ပွဲအခမ်းအနားတွင် မော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်စိုးက စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုး၊ သန္တေပင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်တို့က ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မော်ဘီ)**



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်နိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာမင်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၇ ရက်က မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များအား တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေးစဉ်။ သပြေထွန်း

## ဘီးလင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသ

**ဘီးလင်း ဖေဖော်ဝါရီ ၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူ လူငယ်၊ လူရွယ်များ အသိပညာဗဟုသုတ တိုးပွားစေရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က ဘီးလင်းမြို့နယ် နှင်းပုလဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ဘီးလင်းမြို့နယ် နှင်းပုလဲ(အထက)ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်အားကစားမှူး ဒေါ်သန်းသန်းရွှေက ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများနှင့် အားကစားတွင် စိတ်ပါဝင်စားကြသောကျောင်းသားကျောင်းသူများအနေဖြင့် အားကစားနှင့် ကာယပညာသိပ္ပံသင်တန်းကျောင်း(မော်လမြိုင်)သို့ တက်ရောက်နိုင်သည့် အခွင့်အလမ်းများ အကြောင်းကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမျိုးစံက လူငယ်များအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများ လေ့လာဖတ်ရှုကြရေးကို လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ဖြူဝင်းက ကုန်ညွှန်း အမှတ်အသားများအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)** ❒



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ပြုလုပ်စဉ်။ လှမိုး(ပြန်/ဆက်)

## တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်)ရန်ပုံငွေ ထုတ်ချေးပေး

**ရန်ကုန် ဖေဖော်ဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီ ၇ ရက်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်)ဒုတိယအကြိမ်မြောက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဥက္ကံရေသိုးကျေးရွာအုပ်စု ရေသိုးကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဆောင်ရွက်ခဲ့သည်။

စီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရာတွင် စပါးနှင့် နှမ်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ အသင်းသား ၁၇ ဦးတို့ကို ရန်ပုံငွေ



ကျပ် ၁၀ ဒသမ ၂၀ သန်းကို မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေက ကြီးကြပ်၍ ကျေးရွာစီမံကိန်းတာဝန်ခံများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့များနှင့် အတူ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေးနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ဦးစီးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦးတို့ ဖေဖော်ဝါရီ ၈ ရက်က ရန်ကင်းမြို့နယ် အမှတ်(၁) ရပ်ကွက် ရန်ကင်းလမ်းရှိ Golden City အထပ်မြင့်အိမ်ရာအဆောက်အအုံများတွင် တပ်ဆင်ထားသော Fire Fighting System/Equipment များအား ကြည့်ရှုစစ်ဆေးစဉ်။ လှလှထွေး(ပြန်/ဆက်)

## ညောင်လေးပင်မြို့နယ်၌ အထွက်နှုန်းကောင်း ပဲတီစိမ်းစိုက်ခင်း ရိတ်သိမ်း

**ညောင်လေးပင် ဖေဖော်ဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်း၍ အထွက်နှုန်းကောင်းသော ပဲတီစိမ်းစိုက်ခင်း ရိတ်သိမ်းဆောင်ရွက်ခြင်းအား ဖေဖော်ဝါရီ ၇ ရက်က ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု စံဒွန်းကုန်းကျေးရွာရှိ တောင်သူ ဦးညွှန့်ဝေ၏ ပဲတီစိမ်းစိုက်ခင်းတွင် စတင်ရိတ်သိမ်းခဲ့သည်။

**ကြည့်ရှုအားပေး**

ပဲတီစိမ်းစိုက်ခင်း ရိတ်သိမ်းရာသို့ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုအားပေးကာ ယခုထက်မက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပဲတီစိမ်းစိုက်ခင်းရိတ်သိမ်းရာတွင် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြပြီး တစ်ဧကလျှင် ပဲတီစိမ်း ၂၄ တင်းထွက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄၅၊ မြေကွက်အမှတ်-၉၈၂၊ မြေပေအကျယ်ရေိယာ (၄၀ ပေx၆၀ ပေ) ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ **ဒေါ်အေးမြမြကြည်** [၁၂/ဥကတ(နိုင်)၀၀၀၃၈၂]မှ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ မိမိတစ်ဦးတည်းသာပိုင်ဆိုင်၍ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးနိုင်စစ်ညီညီ** [၉/စကတ(နိုင်)၁၃၄၇၃၂]မှ အပြီးအပိုင်ဝယ်ယူရန်သဘောတူသဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနိုင်စစ်ညီညီ [၉/စကတ(နိုင်)၁၃၄၇၃၂]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိလှိုင် LL.B, Wipo (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၂၉)**
**အမှတ်-၄၂(ပထမထပ်)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၄၀၀၈၀၁၇**

## "ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်း၊ အမှတ် (၆၄၆)၊ (၈ ½)တိုက်၏ Penthouse အကျယ်အဝန်း (အလျား ၄၄ ပေ x အနံ ၁၁၀ ပေ)ရှိ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း"

အထက်ဖော်ပြပါတိုက်ခန်းကို ဦးမင်းအောင် [၁၂/လမန(နိုင်)၀၁၃၁၄၆]မှ ပိုင်ဆိုင်ကြောင်း၊ လွတ်လပ်စွာ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လင်းသန္တာဖြိုး [၁၂/သကတ(နိုင်)၂၀၃၆၇၁]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လင်းသန္တာဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝင်းဝင်းခိုင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)**
**အမှတ်(၂၃၈)၊ မာန်ပြေ(၆)လမ်းအရှေ့၊ ၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၅၉၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၄၀၇)ဟုခေါ်တွင်သော အကျယ်အဝန်း အလျား(၄၀)ပေ x အနံ(၆၀)ပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်မီမီ[၁၂/မရက(နိုင်)၀၃၃၇၀၆](MYGN-၀၀၇၆၂၄)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာသူ ဦးကျော်ကျော်ဝင်း[၁၂/တမန(နိုင်)၀၀၃၄၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်လိုပါက မူရင်းစာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုခြင်းမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန္ဒာသက်ထွန်း(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၂၉)**
**Ph:09-250177491, 09-962617405**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(အပိုင်း-၄)၊ လူနေရပ်ကွက်အမှတ်(စက်မှုဇုန်)၊ မြေကွက်အမှတ်(၁၆၉)၊ ဧရိယာ(၁.၁၁၃၉ကေ)(၄၉၅၉၉ စတုရန်းပေ)အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ဖြူဖြူဝင်း[၉/မနမ(နိုင်)၁၁၀၈၁၆] အမည်ဖြင့် တည်ရှိလျက်ရှိပြီး၊ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၂၇)**
**အမှတ်(၁၂)၊ ဘုရင့်နောင်(၁၁)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၂၀၈၇၁၊ ၀၉-၇၉၉၂၀၀၃၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၄.ခ၆/၂၊ ၄.ခ၃/၂၊ ဧရိယာ (၀.၄၀၃ ဧက + ၀.၀၁၀ ဧက)၊ မြေ အမျိုးအစား - မြေပိုင်မြေ/အိမ်ရာမြေနှင့် ယင်းမြေပေါ်ရှိ **အမှတ်(၇)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အဆောက်အဦ အကျိုးခံစားခွင့်အရပ်ရပ်** တို့၏ မြို့မြေစာရင်း အမည်ပေါက်ပိုင်ရှင် ဒေါ်နန်းအမ်းတစ်(ပ်) [၁၂/မရက(နိုင်)၀၅၆၇၀၈] (KTG - ၀၆၈၆၁၀)က မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ အမှတ်-၁၈၊ Residence 18 Condo, Level 3၊ တိုက်ခန်းအမှတ်- 307, 1300 Sqft ရှိ တိုက်ခန်းနှင့် တစ်ပေါင်းတည်းပါဝင်သော လေအေးပေးစက် ၄ လုံး၊ အဝတ်လျှော်စက် ၁ လုံး၊ ရေခဲသေတ္တာ ၁ လုံး၊ Gas မီးဖို ၁ လုံး၊ နံကပ်ဗီရို ၂ လုံး၊ ကျွန်းခုတင် ၂ လုံး၊ ခုံ ၄ လုံး အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်အေးအေးဝင်း[၁၄/ပသန(နိုင်)၀၃၅၃၉၉]ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရန်နိုင်ဦး [၁၄/မအန(နိုင်)၁၂၇၈၃၁]ကိုင်ဆောင်သူက သဘောတူလက်ခံ၍ လက်ရောက်အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရန်နိုင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၇၄၀) ၏ ပထမထပ် (ခြေရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

အထက်ပါတိုက်ခန်းပိုင်ရှင်ဖြစ်သူ ဦးဇော်ဝင်းထွဋ် [၁၂/လမတ(နိုင်)၀၂၉၅၇၆]က အဆိုပါတိုက်ခန်းကို မိမိတစ်ဦးတည်း အရှုပ်အရှင်းကင်းရှင်းစွာဖြင့် အကြွင်းမဲ့ပိုင်ဆိုင်ကြောင်း ပြန်လည်ရောင်းချ၍ရပါကြောင်း ပြောဆိုဝန်ခံပြီးရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ၎င်းတိုက်ခန်းကိုဝယ်ယူရန် သဘောတူပြီး တိုက်ခန်းရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ထားပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝင်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၈၄)**
**ဖုန်း-၀၉-၅၁၁၉၉၆၁၊ ၀၉-၄၄၃၁၁၄၆၈၄**
**အမှတ်-၁၆၂၀/က၊ ဦးမင်းလမ်း၊ ၄၂-ရပ်ကွက်၊ မ/ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ်(၆)လမ်း၊ အမှတ်(ခ/၂၆၁)၊ ပထမထပ်၊ ခြေရင်းခန်း(၃-လွှာ)၊ အလျား ၁၂ ½ ပေ x အနံ ၅၀ ပေ အကျယ်ရှိ တိုက်ခန်းနှင့် လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းဝင်းခိုင် [၈/တတက(နိုင်)၁၆၁၉၁၀]ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအေးဇော်မင်း (LL.B)** | **ဒေါ်တင်မေသန်း (LL.B, LL.M, D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၂၇၇၈/၂၀၁၇)** | **(စဉ်-၃၈၅၇၉/၂၀၁၂)** |

**အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၃၀၅၁၆၉၊ ၀၉-၄၄၃၁၈၀၈၈၊ ၀၉-၄၄၈၀၄၄၉၄၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅/ရုံးကြီးရပ်)၊ ပေ(၁၀၀x၁၀၀)၊ မြေကွက်အမှတ်(ဒ-၂၄၈၁)၊ ဦးတင်မောင်ဝင်း(ဘ) ဦးဝင်းမောင် [၁၂/ဗဟန(နိုင်)၀၄၅၂၇၈] အမည်ပေါက် မြေကွက်အား ဦးတင်မောင်ဝင်း ထံမှ ဝယ်ယူထားသူ ဒေါ်သုမာလာမောင်(ခ)ရွှေအိမ်စည်(ဘ)ဦးခင်မောင်စိုး[၁၃/တကန(နိုင်)၁၉၇၃၆၂] မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း) ပျောက်ဆုံးသွားပါသဖြင့် ဝယ်ယူထားကြောင်းနှင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေကွက်နေရာ(ယာယီ) ချထားပေးသည့်လက်မှတ်(မိတ္တူမှန်) လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း)အား ပယ်ဖျက်၍ မိတ္တူမှန်ကို လျှောက်ထားသူ ဒေါ်သုမာလာမောင်(ခ)ရွှေအိမ်စည် အားထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ရွှေစင်လမ်း၊ မြေကွက်အမှတ်(၇၉)၊ ဧရိယာ(ပေ၄၀ x ပေ၆၀)၊ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ ဒေါ်ရီအမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ဒေါ်ရီ[၁၂/ရကန(နိုင်)၀၃၀၅၂၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မြင့်(ခ)လင်းလင်း[၁၃/လရန(နိုင်)၀၉၄၃၅၂]နှင့် ဦးအေးဖက်(ခ)ဇော်ထွန်း[၁၃/လရန(ဧည့်)၀၀၀၀၆၀]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B, W.I.P.O(Switzerland)** | **LL.B, D.B.L, D.M.L, D.I.L, D.I.P.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၄၁)** |

**အမှတ်-၆၂(ပထမထပ်)၊ အခန်း(၁၆)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၉၃၉၇၀၊ ၀၉-၄၄၃၁၀၅၅၈၃၊ ၀၉-၂၅၄၅၄၆၃၆၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက်/အရှေ့ရပ်ကွက်၊ ဌာနလမ်း၊ အမှတ်(၅၂)၊ ၅-လွှာ၊ (အလျား ၂၅'xအနံ ၅၀')အကျယ်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ယဉ်မာသက် [၁၂/ကမတ(နိုင်) ၀၀၁၉၃၉]နှင့် ဦးမင်းသန့် [၁၂/ကမတ(နိုင်)၀၀၁၉၄၀] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ချိုဝင်း [၁၁/မပတ(နိုင်)၀၃၅၁၂၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးသိမ့်သိမ့် (LL.B, D.M.L) အထက်တန်းရှေ့နေ (စဉ်-၂၅၀၇၁)**
**အမှတ်(၂၄)၊ (၄-ဘီ)၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-765188412**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉/ဘီ မြေကွက်အမှတ်-၈၃၊ မြေကွက်တည်နေရာအမှတ်(၈၃)၊ အကောက်ခွန် ၃လမ်း၊ ၃၉/ဘီ ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဒေါ်ခင်ရီစိန်(ISN-၀၇၄၆၁၆) [၁၂/မဂတ(နိုင်)၀၄၈၆၅၈] အမည်ပေါက် ဒေါ်ခင်ရီစိန်(မိခင်)နှင့် ဦးသန်းလှ(ဖခင်)တို့ အသီးသီး ကွယ်လွန်သဖြင့် ၎င်းတို့ မိဘများမှ မွေးဖွားသည့် ဒေါ်အေးအေးဟန်[၁၂/မဂတ(နိုင်) ၀၄၅၉၁၁]၊ ဒေါ်တင်အေးဟန်[၁၂/မဂတ(နိုင်)၀၄၅၉၃၀]၊ ဒေါ်ဝင်းဝင်းဟန် [၁၂/မဂတ(နိုင်)၀၄၁၉၁၅]၊ ဒေါ်တင်မျိုးဟန်[၁၂/မဂတ(နိုင်)၀၄၅၉၂၅]တို့ထံမှ ဒေါ်အေးမိုးမိုးဟန်[၁၂/မဂတ(နိုင်)၀၀၁၀၃၁]တို့ သမီး(၅)ဦး အနက်မှ ဒေါ်အေးအေးဟန်၊ ဒေါ်တင်အေးဟန်၊ ဒေါ်ဝင်းဝင်းဟန် တို့၏ GPအမှတ်-၁၉၅၅/၂၀၂၃(၁၂-၉-၂၃) ဖြင့်ရရှိသူ GP ဒေါ်အေးမိုးမိုးဟန် ကိုယ်တိုင်နှင့် ဒေါ်တင်မျိုးဟန် တို့မှ ကွယ်လွန်သူမိဘများတွင် မိမိတို့ညီအစ်မ (၅)ဦးသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားသော သား/သမီး မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိမိတို့သည် ခရစ်ယာန်ဘာသာ ကိုးကွယ်သူများဖြစ်ကြသော်လည်း မိဘများ မကွယ်လွန်မီက မည်သည့်သေတမ်းစာတစ်စုံတစ်ရာကိုမျှရေးသားထားခဲ့ခြင်းမရှိကြောင်း အထက်ပါမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျန်ရစ်သူသမီးအရင်းများဖြစ်ကြသည့် မိမိတို့ညီအစ်မ (၅)ဦးသာလျှင် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာ၊ ထပ်ဆင့် ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများသေစာရင်း အိမ်ထောင်စုစာရင်း၊ ဂရန်/နိုင်ကတ်၊ GP ပါဝါပေးအပ်ထားသူများ သက်ရှိထင်ရှားရှိနေကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ GP ဒေါ်အေးမိုးမိုးဟန်+၁ မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မူးယစ်ဆန့်ကျင်အောင်ပွဲဆင်

## ကန့်ကွက်နိုင်ပါကြောင်း

